# မြန်မာနိုင်ငံအတွင်း ကျား၊မ ရေးရာ နှင့် အဂတိလိုက်စားမှုဆိုင်ရာ အကျဉ်းချုပ်ရှင်းလင်းချက်

## ဦးတည်အုပ်စုဆွေးနွေးမှုများမှ ကနဦးအသိအမြင်များ

UNODC
United Nations Office on Drugs and Crime

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး

Website: www.unodc.org/Myanmar

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ၎င်း၏ ထောက်ပံ့ကူညီမှုအစီအစဉ်အား စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူပြုရန် ဆောင်ရွက်ဆဲ သုတေသန၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ တရားမဝင် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ ရောင်းချမှုနှင့် ဝယ်ယူမှုအား ထိန်းချုပ်ရေး၊ ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေး၊ ပြစ်မှုနှင့် အကြမ်းဖက်မှုတို့နှင့် ဆက်စပ်နေသည့် လုံခြုံရေးပြဿနာများ တားဆီးကာကွယ်ရေးတို့ အပါအဝင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ လုပ်ဆောင်ရမည့် တာဝန်များနှင့်စပ်လျဉ်း၍ ဒေသအတွင်း လိုအပ်ချက်များကို ဖော်ထုတ်ရန်နှင့် ဖြေရှင်းရန် နည်းဗျူဟာများ ပေးနိုင်ရန် ရည်ရွယ်ပါသည်။

ဤအစီရင်ခံစာတွင် တာဝန်ပေးအပ်မှုများနှင့် ပါဝင်သည့်အကြောင်းအရာတို့သည် မည်သည့်နိုင်ငံ၊ နယ်နိမိတ်၊ မြို့တော်အာဏာပိုင်များ၏ ဥပဒေအရအဆင့်အတန်းနှင့် နယ်စပ်များ (သို့) နယ်နိမိတ်တို့အား ထိန်းချုပ်မှုတို့ အပေါ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ ထင်မြင်ချက်ကို ဖော်ပြခြင်းမဟုတ်ပါ။ ဤအစီရင်ခံစာသည် တရားဝင် တည်းဖြတ်ထားခြင်းမဟုတ်ပါ။ ဤအစီရင်ခံစာ၏ လေ့လာတွေ့ရှိချက်များအား အတည်ပြုနိုင်ရန်အတွက် နောက်ထပ်သုတေသန ပြုလုပ်ရန် လိုအပ်ပါသည်။

# ကျေးဇူးတင်လွှာ

ဆွီဒင်နိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုသာမရှိခဲ့လျှင် ဤအစီရင်ခံစာကို ထုတ်ဝေနိုင်ခဲ့မည်မဟုတ်ပါ ။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများနှင့် ဤအစီရင်ခံစာပြုစုရေး၊ ထုတ်ဝေရေးတို့တွင် အဆက်မပြတ် ပံ့ပိုးမှုများအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးက ကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာပြုစုရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး၏ တာဝန်ရှိသည့်အဖွဲ့တွင် ပါဝင်သူများမှာ -

- Marie Pegie-Cauchois, Anti-Corruption Programme Manager
- Alma Sedlar, Anti-Corruption Consultant
- Seint Sandar Hlaing, National Programme Coordinator
- Ryan Winch, Programme Coordinator
- Naw Nay Zar Htwe, Sexual Abuse Focal Point (FGD Facilitator)
- Grace Hkawn Nan, Administrative Assistant (FGD Facilitator)
- Minhao Chen, Research and Monitoring and Evaluation Intern
- Ilian Mrabet, Programme Analyst Intern
- Alexandra Giorgis-Audrain, Gender-Based Violence Intern
- Deanna Cook, Communications & Policy Intern
- Akara Umapornsakula, Graphic Designer

# မာတိကာ

နိဒါန်း ........ 5

ကျား၊မ ရေးရာ - အဂတိလိုက်စားမှု ဆက်နွှယ်ချက် ........ 9

နည်းနာနိသယျ ........ 12

မြန်မာနိုင်ငံတွင် ကျား၊မ ရေးရာ နှင့် အဂတိလိုက်စားမှု........ 15

အဂတိလိုက်စားမှုသည် အမျိုးသမီးများအတွက် ဝန်ဆောင်မှုရယူရန် အတားအဆီးတစ်ခုဖြစ်သည် ........ 16

ကျား၊မ ပုံစံသွတ်သွင်းမှုများ အဆက်မပြတ်ပြုလုပ်နေမှုနှင့် အဂတိလိုက်စားမှု........ 22

အဂတိလိုက်စားမှုနှင့် အမျိုးသမီးများအပေါ် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်........ 24

အကြံပြုချက်များ ........ 28

နိဂုံး ........ 31

ကိုးကားချက်များ........ 34

# နိဒါန်း



မြန်မာနိုင်ငံအစိုးရသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် (၅) - ကျား၊မ တန်းတူညီမျှရေးနှင့် ပန်းတိုင် (၁၆) - ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ကောင်းမွန်သော အင်စတီကျူးရှင်းများအတွက် ရှေ့ဆက်ကြိုးပမ်းရန် စိတ်အားထက်သန်မှုကို ပြသလျက်ရှိပါသည်။ အချို့အညွှန်းကိန်းများတွင် တိုးတက်မှုများနှင့် ကြိုးပမ်းအားထုတ်မှုများ ရှိနေသော်လည်း စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်သည်။ အဆိုပါ စိန်ခေါ်မှု များစွာအနက် ကျား၊မ တန်းတူညီမျှရေးသည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ ရရှိစေရေး ဆောင်ရွက်ချက် များအတွက် ထင်ရှားသော အတားအဆီးအဖြစ် ရှိနေဆဲဖြစ်သလို အဂတိလိုက်စားမှုသည်လည်း အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများတွင် ကုန်ကျစရိတ်များ မြင့်တက်လာခြင်း၊ အစိုးရအဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ဆုံးရှုံးခြင်းနှင့် မြန်မာနိုင်ငံအား ထိခိုက်နစ်နာမှု အဖြစ်စေဆုံး အပြုအမူဖြင့် ဆိုးရွားစွာ ရိုက်ခတ်မှု ရှိနေပါသည်။

အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားရန် စာရင်းအင်းအချက်အလက်များနှင့် စစ်တမ်းဒေတာမှ ကောက်ယူရရှိသည့် အချက်အလက်များက ပံ့ပိုးပေးနိုင်ပါသည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် (ACC) မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ကောက်ယူခဲ့သော စစ်တမ်းတစ်ခုတွင် ဖြေဆိုသူများ၏ (၉၀) ရာခိုင်နှုန်းက အစိုးရဝန်ထမ်းများနှင့် ပတ်သက်ဆက်ဆံသည့်အခါ လာဘ်ပေးခဲ့ရကြောင်း ဖြေဆိုကြပါသည်။[1] လက်ရှိအချိန်တွင် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များစွာနှင့် ကုလသမဂ္ဂ၏ လုပ်ငန်းများတွင် ကျား၊မ တန်းတူညီမျှမှုကို ထည့်သွင်းလုပ်ဆောင်နေသော်လည်း ၂၀၁၈ ခုနှစ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

**စစ်တမ်းဖြေဆိုသူ၏ (၉၀) ရာခိုင်နှုန်းက အစိုးရဝန်ထမ်းများနှင့် ပတ်သက်ဆက်ဆံသည့်အခါ လာဘ်ပေးခဲ့ရကြောင်း ဖြေဆိုကြသည်။**

[1]နန္ဒ (၂၀၁၉)၊ ၂၀၁၈ ACC နှစ်ပတ်လည်အစီရင်ခံစာ၏ စစ်တမ်းရလဒ်၊ စနစ်တကျအဂတိလိုက်စားမှုသည် အစိုးရကို အနှောင့်အယှက်ပြုကာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါသည် - စစ်တမ်း။ https://www.mmtimes.com/news/systemiccorruption-bugs-govt-hurts-development-survey.html မှရယူပါသည်။

ကျား၊မ တန်းတူမညီမျှမှု အညွှန်းကိန်း (UNDP Gender Inequality Index) အရ နိုင်ငံပေါင်း (၁၆၂) နိုင်ငံတွင် မြန်မာနိုင်ငံက (၁၀၆) နေရာတွင် ရှိနေသည်ကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် မူဝါဒလုပ်ငန်းစဉ်များတွင် ကျား၊မရေးရာကို အပြည့်အဝထည့်သွင်း စဉ်းစား နိုင်ခြင်း မရှိသေးကြောင်း တွေ့ရှိနိုင်ပါသည်။[2]

**၂၀၁၈ ခုနှစ် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ကျား၊မ တန်းတူမညီမျှမှု အညွှန်းကိန်း (UNDP Gender Inequality Index) အရ နိုင်ငံပေါင်း (၁၆၂) နိုင်ငံတွင် မြန်မာနိုင်ငံက (၁၀၆) နေရာတွင်ရှိနေသည်။**

ကျား၊မ တန်းတူညီမျှမှုမရှိခြင်းနှင့် အဂတိလိုက်စားခြင်းတို့၏ စိန်ခေါ်မှုများအတွက် အဖြေများကို သီးခြားစီ မကြည့်ရှုသင့်ပေ။ ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှုတို့ အကြားတွင် ထင်ရှားသော အပြန်အလှန် အကျိုးသက်ရောက်မှုများရှိပြီး ဤအကျဉ်းချုပ်တင်ပြချက်၏ နောက်ပိုင်းတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း ထိုသို့အပြန်အလှန် အကျိုးသက်ရောက်မှုများကပင် စိန်ခေါ်မှုနှစ်ခုလုံးအား ပြည့်စုံပြီး ရေရှည်တည်တံ့သောနည်းလမ်းဖြင့် တပြိုင်တည်းဖြေရှင်းနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးထားပါသည်။ အဂတိလိုက်စားမှုနှင့် ကျား၊မ ရေးရာသည် အချင်းချင်း ဆက်နွယ်နေကြပြီး စီးပွားရေးဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုနှင့် လုံခြုံရေးတို့ အပါအဝင် ကျယ်ပြန့်သော မူဝါဒနယ်ပယ်များအပေါ် ရိုက်ခတ်မှုရှိပါသည်။ လေ့လာတွေ့ရှိချက်များအား ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှုတို့၏ အနုတ်လက္ခဏာဆောင်သည့် ရိုက်ခတ်မှုများကို ဖြေရှင်းရန်၊ မူဝါဒများနှင့် အစီအစဉ်များတွင် ကျား၊မ ရေးရာကို ထည့်သွင်းစဉ်းစား၍ မြန်မာနိုင်ငံတွင် ကျား၊မ ရေးရာနှင့် အဂတိလိုက် စားမှု ဆက်နွယ်ခြင်းကို ပိုမိုနားလည်သဘောပေါက်လာခြင်းဖြင့် ရေရှည်တည်တံ့ပြီး၊ အဓိပ္ပါယ်ရှိသော တိုးတက်မှုပုံစံဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှုဆီသို့ ကျယ်ပြန့်စွာပြောရလျှင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ အကောင်အထည်ဖော်မှု အောင်မြင်စေရေးတို့အတွက် ရည်ရွယ်ပါသည်။

ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှုတို့အကြား ဆက်သွယ်မှုအား လေ့လာဖော်ထုတ်ရန် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးသည် ဦးတည်အုပ်စုဆွေးနွေးခြင်းများ (FGDs - Focus Group Discussions) ကို မြန်မာနိုင်ငံတစ်ဝှမ်းမှ ပါဝင်သူများဖြင့် ပြုလုပ်ခဲ့ပါသည်။ ဦးတည်အုပ်စု ဆွေးနွေးခြင်းများတွင် ကျား၊မ ရေးရာနှင့်

[2] UNDP. (2019). UNDP ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအစီရင်ခံစာ - မြန်မာ ၂၀၁၉ (Human Development Report 2019 – Myanmar). Retrieved from: http://hdr.undp.org/sites/all/themes/hdr_theme/countrynotes/MMR.pdf မှ ရယူပါသည်။

အဂတိလိုက်စားမှုတို့အကြား ဆက်နွယ်မှုများအပေါ် ထင်မြင်ချက်များနှင့် ၎င်းတို့၏နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသည့် အဂတိလိုက်စားမှုကြောင့် သက်ရောက်မှုများ စသည့် အချက်အလက်များ စုစည်းရရှိပါသည်။ အဆိုပါ ဦးတည် အုပ်စုဆွေးနွေးခြင်းများမှ ပံ့ပိုးကူညီသူများ မျှော်လင့်ထားသည့်အတိုင်း အဓိပ္ပါယ်ရှိသော တွေ့ရှိချက်များကို ကောက်နုတ်နိုင်ခဲ့သော်လည်း အချို့အချက်များကို ပို၍ရှင်းရှင်းလင်းလင်းသိမြင်နိုင်ရန်နှင့် မှန်ကန်ကြောင်း သက် သေပြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှုအပေါ် စိစစ်သုံးသပ်ရန်အတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာရုံးက ပြုလုပ်သော ဦးတည်အုပ်စုဆွေးနွေး ပွဲများ၏ တွေ့ရှိချက်များအပေါ် ပိုမိုနက်နဲစွာ မလေ့လာမီ ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှုအကြား ဆက်နွယ်ပတ်သက်မှုနှင့် စပ်လျဉ်းသည့် ယခင်ကသုတေသနများအပေါ် သုံးသပ်မှုများ ပြည့်စုံစွာပြုလုပ်၍ မူဝါဒလမ်းညွှန်ဖြင့် စတင်ပြီး နောက်ဆုံးတွင် အဆိုပါတွေ့ရှိချက်များအပေါ် ဆက်လက်လုပ် ဆောင်သင့်သည်တို့အား အကြံပြုသွားမည် ဖြစ်ပါသည်။

**ဝင်ငွေမြင့်မားသူများနှင့် ဝင်ငွေနည်းပါးသူများအကြား ရိုက်ခတ်မှုသည် မတူညီ သကဲ့သို့ အသက်ကြီးရင့်သူများနှင့် ငယ်ရွယ်သူများအကြား ရိုက်ခတ်မှုသည်လည်း မတူညီပါ။ ဒါကြောင့်အထူးသဖြင့် ကျား၊မ ဖြစ်တည်မှု ဗီဇအပေါ်မူတည်၍ အဂတိလိုက်စားခြင်းသည် ပို၍ထင်ရှား လာခဲ့ပါသည်။**

ဦးတည်အုပ်စုဆွေးနွေးပွဲများအတွင်း အများသဘောအရ ဝင်ငွေ အနိမ့်-အမြင့်၊ အသက် အကြီး-အငယ် မတူညီသော လူအုပ်စုများ အပေါ် မတူညီသော အဂတိလိုက်စားမှု၏ ရိုက်ခတ်မှုများ ရှိပါသည်။ ထို့ကြောင့် အထူးသဖြင့် ကျား၊မ အလိုက် ဗီဇဖြစ်ပေါ်မှုအပေါ် မူတည်၍ အဂတိလိုက်စားခြင်းအား တိကျသော သဘောတူညီချက်တစ်ခု ပေါ် ထွက်လာခဲ့ပါသည်။ ပါဝင်ဆွေးနွေးသူများက ယင်းအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ပုံဖော်နေစဉ်အတွင်း အမျိုး သားများနှင့် အမျိုးသမီးများအပေါ် အဂတိလိုက်စားမှုက မည်သို့ကွဲပြားစွာ ရိုက်ခတ်မှုဖြစ်စေသည်ကို အဖွဲ့တိုင်း က ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထို့အပြင် အဂတိလိုက်စားမှုသည် အမျိုးသမီးများအပေါ် အမျိုးသားများနှင့် မည်သို့ ကွဲပြားစွာရိုက်ခတ်မှုရှိသည်နှင့်ပတ်သက်၍ အချက် ၃ ချက် ပေါ်ထွက်လာခဲ့ပါသည်။ လာဘ်ပေးခဲ့ရသည့် အကြိမ်၊ လာဘ်ပေးခဲ့ရသည့်ပမာဏ၊ လာဘ်ပေးရသည် အမျိုးအစားတို့အရ အဂတိလိုက်စားမှုသည် အမျိုးသမီး

များအပေါ် ပို၍ထိခိုက်စေနိုင်ကြောင်း တစ်ချက်ချင်းစီက မီးမောင်းထိုးပြခဲ့ပါသည်။ အဆိုပါ အချက်များမှာ အသေးစိတ်အားဖြင့် -

**၁) အမျိုးသမီးများသည် လာဘ်ငွေ မကြာခဏပေးရသည့် ဝန်ဆောင်မှုများကို ပိုမိုအသုံးပြုရန် လိုအပ်သူများ ဖြစ်ကြသည်။**

အများဆုံးဖော်ပြခဲ့ကြသည့် အဖွဲ့အစည်းများမှာ ကျန်းမာရေး၊ ပညာရေးတို့နှင့် ဆက်စပ်သည့် အခြေအနေများ ဖြစ်သည်၊ ဥပမာ - အမျိုးသမီးများသည် ကျောင်းသူကျောင်းသားများအတွက် ကျောင်းလခပေးရန် ကျောင်းသို့ မကြာခဏ သွားကြရသောကြောင့် လာဘ်ပေးရန် တောင်းခံမှုများကို အမျိုးသားများထက်ပို၍ ကြုံတွေ့ကြရပြီး လာဘ်ပေးမှုနှင့်စပ်လျဉ်း၍ သက်တောင့်သက်သာ မဖြစ်သည့် အခြေအနေများကို ပုံမှန်လိုလို ရင်ဆိုင်ကြရပါသည်။

**၂) မြန်မာ့လူ့အဖွဲ့အစည်း၏ ကျား၊မ ပုံစံသွတ်သွင်းခြင်းများ၊ ကျား၊မ အခန်းကဏ္ဍများနှင့် ကျား၊မ အလုပ်ဖြစ်သည်ဟု တာဝန်ခွဲဝေမှုတို့၏ ရလဒ်အနေဖြင့် မကြာခဏဆိုသလို အမျိုးသမီးများက ပို၍ လာဘ်ပေးကြရသည်။**

အမျိုးသမီးများသည် များသောအားဖြင့် ပြုလုပ်ခံရသူများအဖြစ်၊ လာဘ်တောင်းလျှင် မငြင်းဆိုဘဲ ပေးလိုစိတ်ရှိသူများအဖြစ် ပို၍မြင်ကြသဖြင့် အာဏာရှိသူများက အမျိုးသမီးများထံမှ ပို၍လာဘ်တောင်းခံကြကြောင်း စစ်တမ်းတွင် ပါဝင်သူများက ဖြေဆိုကြပါသည်။

**၃) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုသည် အမျိုးသားများထက် အမျိုးသမီးများအပေါ် ပို၍ပစ်မှတ်ထားကြသည်။**

အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုပုံစံအမျိုးမျိုးနှင့် အန္တရာယ်ကျရောက်နိုင်မှုတွင် ပို၍ ဖြစ်နိုင်ချေများပါသည်။

အဆိုပါ တွေ့ရှိချက်များသည် မတူညီသော ဦးတည်အုပ်စုများအကြားတွင် မည်သည့်အတိုင်းအတာဖြင့် တည်ရှိနေသည်ကိုသိရှိနိုင်ရန်နှင့် အဂတိလိုက်စားမှုအပေါ်တွင် ကျား၊မ ရေးရာ ရိုက်ခတ်မှုများ မည်သို့ရှိသည်ကို ပိုမိုထင်


များစွာ ဖော်ထုတ်နိုင်ပြီး ဖြေရှင်းနိုင်ရန်အတွက် သုတေသနများ ထပ်မံပြုလုပ်ရန် လိုအပ်ပါသည်။ ချက်ချင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းအချို့အား (အကြံပြုချက်များ အခန်းတွင်) ဖော်ပြထားသည်၊ ဥပမာ - အဂတိလိုက် စားမှုတွင် ကျား၊မရေးရာ သက်ရောက်မှုများအပေါ် ပြည်သူလူထု၏ အသိအမြင်တိုးမြှင့်ရေး၊ အဂတိလိုက်စားမှု နှင့် ကျား၊မ ရေးရာတို့အကြား ဆက်နွယ်မှုများကို အချက်အလက်များ ပိုမိုကောက်ယူရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းများတွင် ကျား၊မ ရေးရာ ကို ပိုမိုထည့်သွင်း ဆောင်ရွက်ရေးတို့ ဖြစ်ပါသည်။

## ကျား၊မ ရေးရာ - အဂတိလိုက်စားမှု ဆက်နွယ်ချက်

**ကျား၊မ တန်းတူညီမျှမှု မရှိခြင်းကြောင့် အမျိုး သမီးများသည် အဂတိလိုက်စားမှု၏ ဆိုးကျိုး များကို မမျှတစွာ**

နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့များ၊ ဥပမာ - ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးသည် လွန်ခဲ့သော ဆယ်စု နှစ်ကစတင်၍ အဂတိလိုက်စားမှုဆိုင်ရာ ဖြေရှင်းဆောင်ရွက် မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (၅) - ကျား၊မ တန်းတူညီမျှရေးနှင့် ပန်းတိုင် (၁၆) - ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ကောင်းမွန်သော အင်စတီကျူးရှင်းများ ပေါ်ပေါက်ရေးအတွက် ၎င်း၏ ကြိုးပမ်းမှုများတွင် ကျား၊မ ရေးရာ ထည့်သွင်းစဉ်းစားမှု (စီမံချက်ရေးဆွဲပြီး ဆောင်ရွက်မှုတိုင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအပေါ် သက်ရောက်မှုများကို ဖော်ထုတ်သည့် လုပ်ငန်း စဉ်) ကို စတင်လုပ်ဆောင်လျက်ရှိပါသည်။ ဤဆက်နွယ်ချက်အား ပိုမိုလေ့လာရန် စတင်ဆောင်ရွက်နေပြီး၊ အဂတိလိုက်စားမှုနှင့် ကျား၊မ ရေးရာတို့အကြားတွင် ထင်ရှားသော ဆက်နွယ်မှုများရှိသည့် အထောက်အထား များစွာ တွေ့လာရကြောင်း သုတေသီများစွာက မီးမောင်းထိုးပြကြပါသည်။

## ပုံ - ၁။ ကျား၊မ ရေးရာ - အဂတိလိုက်စားမှု ဆက်နွယ်ချက်




ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှုတို့ကြားတွင် ထင်ရှားပြီး အရေးကြီးသော ဆက်စပ်မှုများရှိနေကြောင်း သက်သေများ ပိုမိုတွေ့ရှိလာသည်ဟု သုတေသီများက မီးမောင်းထိုးပြနေကြပါသည်။[3] အကျယ်ပြန့်ဆုံး အဆင့်၌ ကျား၊မ တန်းတူညီမျှမှု မရှိခြင်းကြောင့် အမျိုးသမီးများသည် အဂတိလိုက်စားမှု၏ ဆိုးကျိုးများကို မမျှတစွာ ကြုံတွေ့နေရကြောင်း၊ အထူးသဖြင့် မဖြစ်မနေလိုအပ်သော အများပြည်သူဆိုင်ရာဝန်ဆောင်မှုများ သုံးစွဲနိုင်မှုနှင့် အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်နိုင်မှုတို့တွင်ဖြစ်ကြောင်း သုသေသီများက တွေ့ရှိခဲ့ကြပါသည်။ ယင်းသို့ဖြစ်ရသည့် အကြောင်းရင်းများစွာ (ပညာရေးနှင့် ဝင်ငွေအဆင့်အတန်းတို့နှင့် ဆက်စပ်နေသည်) ကို သုတေသီများက ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ ဥပမာ - တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အမျိုးသမီးများ၏ စာတတ်မြောက်မှုနှုန်းနှင့် ပညာရေးနိမ့်ကျသဖြင့် အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့်ဥပဒေများနှင့် ထိုဥပဒေ

---

[3]UNDP နှင့် UNIFEM. (၂၀၁၅). အဂတိလိုက်စားမှု၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် ကျား၊မ ရေးရာ- ချိတ်ဆက်မှုကို သဘောပေါက်နားလည်ခြင်း (Corruption, Accountability and Gender: Understanding the Connection) https://www.undp.org/content/undp/en/home/librarypage/womens-empowerment/corruption-accountability-and-gender-understanding-the-connection.html မှ ရယူပါသည်။ SIDA. (၂၀၁၅)၊ ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှု (Gender and Corruption). https://www.sida.se/contentassets/165672c0e28845f79c8a803382e32270/gender-and-corruption.pdf မှ ရယူပါသည်။

ကို မည်သို့ အသုံးပြုနိုင်ကြောင်းအပေါ် သိမြင်မှုနည်းပါးပြီး၊ လာဘ်ပေးရမှုများ ပိုမိုကြုံတွေ့ရပါသည်။ ကျားမ တန်းတူညီမျှမှုမရှိခြင်းဆိုသည်မှာ ကိစ္စရပ်များ၌ အာဏာအလွဲသုံးစားပြုမှုများကို သတင်းပို့တိုင်ကြားရန်နှင့် တိုင်ကြားမှုများအား စုစည်းတင်ပြနိုင်ရန်အတွက် အမျိုးသမီးများတွင် နိုင်ငံရေးနှင့်စီးပွားရေးအရ အရင်းအမြစ်များ မရှိခြင်းကို ရည်ညွှန်းပါသည်။[4]

မြန်မာ့ယဉ်ကျေးမှုအရ အိမ်ထောင်စုများအတွင်း ကျားမ တာဝန်ဖြစ်သည်ဟု အလုပ်တာဝန်ခွဲဝေခြင်းသည် ကျားမ တန်းတူညီမျှမှုမရှိခြင်း၏ အခြားသောရှုထောင့်တစ်ရပ်ဖြစ်ပြီး၊ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသောမိသားစုဝင်များကို စောင့်ရှောက်သူများဖြစ်သော အမျိုးသမီးများအတွက် ထိခိုက်နစ်နာလွယ်သည့် အလွှာတစ်ခုကို ထပ်ပိုးပေးခြင်းပင်ဖြစ်သည်။ ထိုသို့ ကျားမ အလုပ်တာဝန်ခွဲခြားမှု၏ ရလဒ်အနေဖြင့် အမျိုးသမီးများသည် ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ အများပြည်သူဆိုင်ရာဝန်ဆောင်မှုများနှင့် မကြာခဏပိုမို၍ ပတ်သက်ကြရသည်။ ထိုဝန်ဆောင်မှုများကို မကြာခဏသုံးစွဲခြင်းဖြင့် ဝန်ဆောင်မှုပေးသည့် နေရာများတွင် အဂတိလိုက်စားမှုကြောင့် ထိခိုက်နစ်နာမှုကို ပိုမိုကြုံတွေ့ရသည်။[5] ထို့ပြင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု - ဝန်ဆောင်မှုများရယူရန် အလို့ငှာ အလဲအလှယ်အနေဖြင့် နစ်နာသူများအား လိင်ပိုင်းဆိုင်ရာအခွင့်ကောင်းယူမှုကို အဓမ္မလက်ခံစေခြင်းသည် အဂတိလိုက်စားမှု၏ သီးခြားပုံစံတစ်မျိုးဖြစ်ပြီး အမျိုးသမီးများအပေါ် မမျှတစွာ သက်ရောက်မှုရှိစေသည်။[6] လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုသည် နစ်နာသူများအား သိသာစွာ ထိခိုက်နစ်နာစေပြီး သတင်းမပို့နိုင်ခြေ များလွန်းသည့်အတွက် အထူးသတိပြုရမည့် ကိစ္စရပ်ဖြစ်သည်။

---


[4]Branisa, B., Ziegler, M. (၂၀၁၁). ကျားမ ရေးရာနှင့် အဂတိလိုက်စားမှုအကြား ဆက်နွယ်မှုကို ပြန်လည်စစ်ဆေးခြင်း - လူမှုရေးအသင်းအဖွဲ့များ၏ အခန်းကဏ္ဍ (Reexamining the link between gender and corruption: The role of social institutions). https://www.econstor.eu/bitstream/10419/48324/1/15_branisa.pdf မှ ရယူပါသည်။

[5]SIDA. (၂၀၁၅). ကျားမ ရေးရာနှင့် အဂတိလိုက်စားမှု (Gender and Corruption). https://www.sida.se/contentassets/165672c0e28845f79c8a803382e32270/ gender-and-corruption.pdf မှ ရယူပါသည်။ Rheinbay, J. နှင့် Chêne, M. (၂၀၁၆). အမျိုးသမီးများအား အဖြေ၏ အစိတ်အပိုင်းအဖြစ် -အဂတိလိုက်စားမှုကို ကျားမ ရေးရာမှ ချဉ်းကပ်နည်း (Women as Part of the Solution: A Gendered Approach to Anti-corruption). https://knowledgehub.transparency.org/guide/guide-3/4438 မှ ရယူပါသည်။

[6]Rheinbay, J. နှင့် Chêne, M. (၂၀၁၆). အမျိုးသမီးများအား အဖြေ၏ အစိတ်အပိုင်းအဖြစ် -အဂတိလိုက်စားမှုကို ကျားမ ရေးရာမှ ချဉ်းကပ်နည်း (Women as Part of the Solution: A Gendered Approach to Anti-corruption). https://knowledgehub.transparency.org/guide/guide-3/4438 မှ ရယူပါသည်။

## နည်းနာနိသယျ

**ပုံ ၂။ ပါဝင်သူများ၏ ကျား၊မ အချိုးအစား**




မြန်မာနိုင်ငံတွင် ကျား၊မ ရေးရာ - အဂတိလိုက်စားမှု ဆက်နွယ်မှုကို ဖော်ထုတ်ရန် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးသည် ဦးတည်အုပ်စု ဆွေးနွေးပွဲ ၁၅ ခု အား နိုင်ငံ၏ဒေသ၊ လူမျိုးနှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများ အနီးစပ်ဆုံး ထင်ဟပ်စေရန်အတွက် မန္တလေးတွင် (၃) ခု၊ ညောင်ရွှေတွင် (၂) ခု၊ တောင်ကြီး တွင် (၄) ခုနှင့် ရန်ကုန်တွင် (၆) ခု ပြုလုပ်ခဲ့သည်။ တစ်နိုင်ငံလုံး အနေ ဖြင့် စစ်တမ်းတွင် စုစုပေါင်းပါဝင်သူ (၁၆၆) ဦး (ကျား ၉၂ နှင့် မ ၇၄) ပါဝင်ခဲ့ပြီး အဖွဲ့တစ်ဖွဲ့စီတိုင်းတွင် လူ ၆ ယောက် မှ ၁၉ ယောက် အထိ ကျပန်းရွေးချယ်ထားသူများ ပါဝင်ပါသည်။ ဤအစီရင်ခံစာတွင် အဓိကသုံးသပ်လေ့လာမှုသည် ဦးတည်အုပ်စု ဆွေးနွေးပွဲများတွင် ပါဝင်သူများ၏ တူညီသောအမြင်များနှင့် ထပ်တလဲလဲပြောကြားချက်တို့ကို အခြေခံထားသည့်အတွက် အထင်ရှားဆုံးဖြစ်သည့် သဘောတူညီချက်များ (သို့) အမြင်များအဖြစ် ရှုမြင်နိုင်ပါသည်။ ထို့အပြင် ကူညီဆောင်ရွက်သူများနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး လေ့လာ ဆန်းစစ်ရေးမှူးများ၏ ဆက်သွယ်ဆောင်ရွက်ပေးမှုတို့မှ ရလဒ်လည်း ဖြစ်ပါသည်။


ဆွေးနွေးမည့် ခေါင်းစဉ်များ၏ ထိရှလွယ်မှုကို စဉ်းစားပြီး ပါဝင်သူများ လွတ်လွတ်လပ်လပ် စကားပြောဆိုနိုင်မည့် လုံခြုံသောနေရာဖြစ်စေရန် ဦးတည်အုပ်စုဆွေးနွေးပွဲများကို အမျိုးသမီးများနှင့် အမျိုးသားများ သီးခြားစီ ခွဲထားပြီး၊ တစ်ဖွဲ့စီတိုင်းတွင်လည်း ယုံကြည်ကိုးကွယ်သည့်ဘာသာ၊ လူမှုစီးပွားရေးနောက်ခံ (သို့) လူမျိုးတူညီသူများသာ ထည့်ထားပါသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ အဆိုပါဆွေးနွေးမှုများ ပြုလုပ်နေစဉ် ဩဇာလွှမ်းမိုးခံရ၍ လူမှုရေးဆိုင်ရာ ဖိအားများကြောင့် ပါဝင်သူများ၏ ခံစားမှုများ (သို့) အတွေးများအားလုံးကို ထုတ်ဖော်ပြောကြားခြင်း မပြုနိုင်မည်ကို သတိပြုရန် အရေးကြီးသောကြောင့် ဖြစ်ပါသည်။

**မြေပုံ - ၁။ FDGs ပြုလုပ်ခဲ့သော နေရာများ**





မတူကွဲပြား၍ ကိုယ်စားပြုသော ထင်မြင်ချက်များစွာရရှိရန် ကြိုးပမ်းမှုနောက်တစ်ခုမှာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးသည် ဦးတည်အုပ်စုဆွေးနွေးပွဲများတွင် ပါဝင်သူများကို အသက်ပိုင်းခြားအလိုက် (ပုံ - ၃ တွင် ကြည့်ပါ) နှင့် အိမ်ထောင်ရေး အခြေအနေအလိုက် (ပုံ - ၄ တွင် ကြည့်ပါ) ရွေးချယ် သတ်မှတ်ခဲ့ပါသည်။

**ပုံ - ၃ ပါဝင်သူများ၏ အသက်**




**ပုံ - ၄ ပါဝင်သူများ၏ အိမ်ထောင်ရေးအခြေအနေ**




ဦးတည်အုပ်စုဆွေးနွေးမှုများကို မြန်မာဘာသာဖြင့်ပြုလုပ်ပြီး မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာ ပြန်ဆိုမှုလည်း စီစဉ်ထားရှိခဲ့ပါသည်။ မြန်မာဘာသာစကားကို နားမလည်ပါက ရှမ်းနှင့် ပအိုဝ့်ဘာသာစကားများသို့ ဘာသာပြန်ဆိုပေးမှုလည်း စီစဉ်ထားခဲ့သဖြင့် ရလဒ်အနေဖြင့် ဘာသာပြန်ဆိုမှုပေးရန် တောင်းခံမှုနှစ်ကြိမ်အား စီစဉ်ပေးနိုင်ခဲ့ပါသည်။

ဦးတည်အုပ်စုဆွေးနွေးမှုများအပါအဝင် မည်သည့် လူထုအမြင်သုတေသနမဆို ဆွေးနွေးလုပ်ဆောင်နေသည့် အချိန်တွင်ရှိနေသော လျှပ်တပြက်ထင်မြင်ချက်သာဖြစ်ကြောင်း မှတ်သားထားသင့်ပါသည်။ အများပြည်သူ၏ ထင်မြင်ချက်များသည် ပြောင်းလဲနိုင်ပြီး အမြဲပြောင်းလဲနေသဖြင့် ဦးတည်အုပ်စုဆွေးနွေးမှုများ၏ ရလဒ်ဖြစ်သော ဤသုတေသနအား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၅ ရက်အထိ ကာလအတွက် တိကျသောထင်မြင်ချက်များအား ပြောကြားမှုဟု မှတ်ယူပါသည်။ ဦးတည်အုပ်စုဆွေးနွေးမှုများ ပြုလုပ်ခြင်းသည် အကြောင်းအရာအလိုက် လူထု၏ ယေဘူယျလက်ခံထားသော အမြင်များနှင့် ခံယူချက်များကို ပို၍နားလည် သဘောပေါက်နိုင်ရန်အတွက် အဖိုးတန်သော သုတေသနနည်းလမ်းတစ်ခု ဖြစ်သော်လည်း ဦးတည်အုပ်စု ဆွေးနွေးမှုများတွင် ပါဝင်သူဦးရေ အလွန်နည်းပါးပြီး၊ စာရင်းအင်းအရ လူဦးရေများစွာကို ကိုယ်စားပြုမှု မရှိနိုင်ပေ။ ထို့ကြောင့် ဤသုတေသန၏ ဦးတည်ချက်မှာ ပါဝင်သူများ၏ ထင်မြင်ချက်များတွင် မသိသာသော ကွဲပြားချက်များကို ကြိုးပမ်းဖော်ထုတ်ခြင်းဖြင့် ပါဝင်သူများ၏ အမြင်များနှင့် ခံယူချက်များကို နားလည်သဘောပေါက်ရန်သာဖြစ်ပြီး အတိအကျတိုင်းတာခြင်းမျိုး မဟုတ်ပေ။

# မြန်မာနိုင်ငံတွင် ကျား၊မ ရေးရာ နှင့် အဂတိလိုက်စားမှု

**မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများသည် အဂတိလိုက်စားမှုနှင့် ကျား၊မ တန်းတူမညီမျှမှု နှစ်ခုလုံးအပေါ် နက်ရှိုင်းစွာ လွှမ်းမိုးလျက် ရှိသည်။**

ဦးတည်အုပ်စုဆွေးနွေးမှု ၁၅ ခုမှ ကောက်ယူရရှိသော အချက်အလက်များအရ အဂတိလိုက်စားမှုသည် မြန်မာနိုင်ငံတွင် ကျား၊မ ပေါ်လိုက်၍ သက်ရောက်မှုရှိကြောင်း၊ သို့သော် ၎င်းတို့အကြား ဆက်စပ်မှုနှင့် ထင်မြင်ချက်များအား တင်ပြချက်များအရ ဆွေးနွေးသည့်အဖွဲ့များအကြားတွင် ကွဲပြားချက်များရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုသည် ကျား၊မ တန်းတူမညီမျှမှုကို တည်တံ့စေပြီး၊ ယင်းမှာ တိုင်းရင်းသားဒေသများနှင့် မျိုးနွယ်စုများတွင်လည်း အလားတူပင်ဖြစ်ကြောင်း ဆွေးနွေးသည့်အဖွဲ့အများစုက တင်ပြခဲ့ပါသည်။ အထူးသဖြင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုများကို အမျိုးသမီးများ သုံးစွဲနိုင်မှုကို တားဆီးခြင်းမှလွဲပြီး၊ ဆွေးနွေးမှုများတွင်ပါဝင်သည့် အမျိုးသမီးအများစုက ထောက်ပြခဲ့သည်မှာ အဂတိလိုက်စားမှုသည် ငွေကြေးပေးရုံသာမက အချို့ကိစ္စရပ်များတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုပုံစံဖြင့်ရှိနေကြောင်း၊ ဝန်ဆောင်မှုများကို အချိန်မီရရှိရန် ဆောင်ရွက်ပေးသည့် အတုံ့အလှည့်အနေဖြင့် အဂတိလိုက်စားသည့် အရာရှိများ (သို့) ဝန်ဆောင်မှုပေးသူများက လိင်ပိုင်းဆိုင်ရာ တောင်းခံမှုများရှိကြောင်း တင်ပြခဲ့ကြပါသည်။ အဂတိလိုက်စားမှုနှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှုတို့အကြား တိုက်ရိုက်ဆက်စပ်မှုသည် အလွန်ပင်စိုးရိမ်ဖွယ်ရာရှိပြီး၊ သုတေသနနှင့် ဆွေးနွေးမှုများ ထပ်မံပြုလုပ်ရန်လိုအပ်ပြီး၊ ထိုသို့ပြုလုပ်ခြင်းဖြင့် မကြာမီကာလတွင် အဓိပ္ပါယ်ပြည့်ဝစွာ ဖြေရှင်းနိုင်ပါလိမ့်မည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုဆိုင်ရာစံနှုန်းများသည် အဂတိလိုက်စားမှုနှင့် ကျား၊မ တန်းတူမညီမျှမှု နှစ်ခုလုံးအပေါ် နက်ရှိုင်းစွာ လွှမ်းမိုးလျက်ရှိကြောင်းနှင့် ခေါင်းစဉ်နှစ်ခုကြားတွင် အပြန်အလှန် ဆက်စပ်မှုရှိကြောင်းကိုလည်း ဖြေဆိုမှုအားလုံးက မီးမောင်းထိုးပြခဲ့သည်။ ပါဝင်သည့် အမျိုးသမီးနှင့် အမျိုးသားများက အလေးထားတင်ပြခဲ့သည်မှာ အဂတိလိုက်စားမှုသည် အဖြစ်များပြီး၊ မကြာခဏဆိုသလို လာဘ်ပေးရမှုသည် အလေ့အထဖြစ်လာကာ၊ ပညာရေးနှင့် ကျန်းမာရေးကဲ့သို့ ဝန်ဆောင်မှုများ သုံးစွဲရန် သတ်မှတ်ချက်တစ်ခုအဖြစ် အရိုးစွဲလာကြောင်း ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများက အလေးထား ပြောခဲ့ကြပါသည်။


Photo credit: Richard Todd from Pixabay

*"ဒီခေတ်မှာ အစိုးရဝန်ထမ်းတွေက လာဘ်*
*တိုက်ရိုက်မတောင်းကြဘူး၊ သူတို့ကို လူတွေက*
*ပိုက်ဆံပေးကြတာ -ငွေပမာဏကတော့ သူတို့ရဲ့ ရာထူး*
*အပေါ်မှာ မူတည်တယ် - ဘာကြောင့်လဲဆိုရင် သူတို့ကို*
*ပိုက်ဆံမပေးလျှင် အလုပ်လုပ်တာနှေးတယ်"*

*ပါဝင်သူအမျိုးသား - ဩဂုတ်လ ၉ ရက်*

ကျားမ ရေးရာသည် လူ့အဖွဲ့အစည်း၏ မျှော်လင့်ချက်များနှင့် လူမှုရေးဆိုင်ရာ အခန်းကဏ္ဍများအပေါ် လွှမ်းမိုးမှုရှိကြောင်း ပါဝင်သူများက ဆွေးနွေးကြသည်။ ကျားမ ရေးရာနှင့် အဂတိလိုက်စားမှုတို့အကြား ဆက်နွယ်မှုအချို့အား ဆွေးနွေးမှုတွင် ပါဝင်သူများက လွတ်လပ်စွာ ဆွေးနွေးခဲ့ကြပြီး၊ အဆိုပါချိတ်ဆက်မှုများကို ကူညီဆောင်ရွက်သူများက ဆက်လက်ဖော်ထုတ်ခဲ့ကြသည်။ ကိစ္စရပ်နှစ်ခုအကြား ဆက်နွယ်မှုသည် ပါဝင်ဆွေးနွေးသူအများစုအတွက် ယခင်က သိသာထင်ရှားမှုမရှိခဲ့သော်လည်း ကူညီဆောင်ရွက်သူများ၏ ကူညီလမ်းညွှန်မှုဖြင့် ကျားမ ရေးရာနှင့် အဂတိလိုက်စားမှုတို့အကြား ဆက်စပ်မှုများအား ရှေ့တန်းတင်ဆွေးနွေးခဲ့ပြီး၊ ထိုပြဿနာများရှိနေကြောင်းနှင့် ကျားမ ဖြစ်တည်မှုပေါ် မူတည်၍ အဂတိလိုက်စားခြင်းသည် အမျိုးသားများထက်ပို၍ အမျိုးသမီးများအပေါ် မကြာခဏရိုက်ခတ်မှုရှိပြီး၊ ထိခိုက်ခံစားရစေသည်ဟု ပါဝင်သူအားလုံးက ဆွေးနွေးသဘောတူခဲ့ကြသည်။

## အဂတိလိုက်စားမှုသည် အမျိုးသမီးများအတွက် ဝန်ဆောင်မှုရယူရန် အတားအဆီးတစ်ခုဖြစ်သည်

မြန်မာနိုင်ငံတွင် ကျောင်းများနှင့် ဆေးရုံများ သုံးစွဲခြင်း၊ ဆောက်လုပ်ရေး ပါမစ်ရယူခြင်း (သို့) ID ကဒ်တစ်ခု ရယူခြင်းစသည့် ဝန်ဆောင်မှုအားလုံးတွင် စနစ်တကျ လာဘ်ပေးမှု ပြုလုပ်နေကြောင်း ပြောဆိုခဲ့ကြသည်။ အဆိုပါ ဝန်ဆောင်မှုများအား ဆွေးနွေးပွဲများတွင် ပါဝင်သူများက ပိုမိုကျယ်ပြန့်သည့် အခြေအနေအကြောင်းအရာအဖြစ် တင်ပြခဲ့ကြသော်လည်း ပြည်သူ့ဝန်ထမ်းများနှင့် ဝန်ဆောင်မှုပေးသူများကမူ အပိုပေးငွေများကို မျှော်လင့်သည်မှာ အကျင့်ကဲ့သို့ဖြစ်လာပြီး ယင်းအား မျှတမှုရှိသည် (သို့) ဝန်ဆောင်မှု၏ တန်ဖိုးအမှန်ဖြစ်သည်ဟု ထင်မြင်လာကြသည်။

*"အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး အကြီးမားဆုံး ပြဿနာတွေက ဆရာဝန်တွေနှင့် လဝကရုံး ဖြစ်တယ်။"*

*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာ ၂*

ကျား၊မ အခြေပြု လုပ်ငန်းတာဝန်ခွဲဝေမှုသည် နိုင်ငံ၊ ဒေသအလိုက်နှင့် ဒေသန္တရ ဓလေ့ထုံးတမ်းများတွင် အမြစ်တွယ်နေပြီး မြန်မာနိုင်ငံရှိ အိမ်ထောင်စုအများစုတွင် တည်ရှိနေသည်။ ရလဒ်အားဖြင့် အမျိုးသမီးများသည် အိမ်မှုကိစ္စများ၊ လာဘ်ပေးလာဘ်ယူမှု အများဆုံးဖြစ်နိုင်ခြေရှိသည့် အချို့အလုပ်များ၊ ဥပမာ- ကလေးများ ကျောင်းအပ်ခြင်းနှင့် မိသားစုဝင်များကို ဆေးရုံတွင်စောင့်ရှောက်ရခြင်း အပါအဝင် စောင့်ရှောက်မှုဆိုင်ရာ အလုပ်များအတွက် တာဝန်ယူကြရသည်။

*"အိမ်မှုကိစ္စဟာ အမျိုးသမီးတွေ အတွက်ပဲ ဖြစ်တယ်။ ဒါပေမယ့် သူတို့ဟာ လယ်လုပ်ငန်းလိုမျိုး အခြားအလုပ်တွေမှာလည်း ပါဝင်နိုင်တယ်။ အချို့နယ်ပယ်တွေ ဥပမာ- ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍမှာဆိုရင်လည်း ဆရာမတွေအဖြစ် အမျိုးသမီးဝန်ထမ်းရဲ့ ပါဝင်မှု ပိုများတယ်။"*

*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာ ၉*

*"ကျား၊မ တန်းတူမညီမျှမှုဟာ အမျိုးသမီးတွေက အမျိုးသားတွေရဲ့နောက်မှာပဲနေရတဲ့ ဓလေ့ထုံးတမ်းရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်။ သူတို့ဟာ ဘာဆုံးဖြတ်ချက်မှ မချနိုင်ဘဲ အမျိုးသားတွေကသာ ဆုံးဖြတ်တွေ ချကြတယ်။"*

*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၂ ရက်*

ထိုသို့ ကျား၊မ ကဏ္ဍများ၏ ရလဒ်အနေဖြင့် အမျိုးသမီးများသည် အချို့သောကဏ္ဍများတွင် အဂတိလိုက်စားမှုကို မကြာခဏ ပို၍ထိတွေ့နိုင်ခြေရှိသည်။ အမျိုးသမီးများသည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် လာဘ်ပေးရန် ဖိအားပေးမှုများ မကြာခဏရင်ဆိုင်ရကြောင်း ပါဝင်သူများက ပြောကြားခဲ့ပါသည်။

## ပညာရေး

ပညာရေးဆိုင်ရာဝန်ဆောင်မှုများတွင် အဂတိလိုက်စားမှုရှိနေခြင်းသည် တစ်ကမ္ဘာလုံးတွင် လူတိုင်း ပညာသင်ယူခွင့်ရှိရေး၏ အထင်ရှားဆုံး အတားအဆီးများမှ တစ်ခုဖြစ်သကဲ့သို့[7] ဦးတည်အုပ်စုဆွေးနွေးမှုများအတွင်း ကျား၊မ အပေါ်မူတည်၍ အဂတိလိုက်စားမှု၏ အများဆုံးဆွေးနွေးကြသည့် ဥပမာများထဲမှ တစ်ခုလည်း ဖြစ်ပါသည်။ ဆရာ၊ ဆရာမများက ကလေးကျောင်းလခ အပိုတောင်းကြမည်ဟု လူတိုင်းက မျှော်လင့်ထားပြီး ဖြစ်ကြောင်း ပါဝင်ဆွေးနွေးသူများသည် လွတ်လပ်စွာနှင့် ထပ်တလဲလဲပြောဆိုကြသည်။ မူဝါဒအရ မြန်မာနိုင်ငံတွင် မူလတန်းပညာရေးသည် အခမဲ့ဖြစ်သည်။ သို့သော် လာဘ်တောင်း၍ ပေးရမှု၊ ကျောင်းလခများနှင့် ကျောင်းဝတ်စုံများအတွက် ကုန်ကျစရိတ်များကြောင့် ငွေကုန်ကျမှုရှိလာသည်။ လာဘ်တောင်းမှုများသည် တရားမဝင်ကြောင်း သိသော်လည်း ငွေပေးမှုများကို ယေဘုယျအားဖြင့် မျှော်လင့်ပြီးသား ဖြစ်သည်ဟု ကလေးများအား ကျောင်းများစွာ (ကျောင်းအများဆုံး မဟုတ်သော်လည်း) သို့ စေလွှတ် နေကြသူများက ပြောပြကြသည်။


Photo credit: Peggy und Marco Lachmann-Anke from Pixabay

*"အဂတိလိုက်စားမှုဟာ ကျောင်းတွေမှာ ပုံမှန်လိုပဲဖြစ်တယ်။ မိဘတွေက ကျောင်းလခ မဖြစ်မနေ အကြိမ်ကြိမ် ပေးရတယ် - တကယ်လို့ ကျောင်းလခအတွက် တောင်းတဲ့ပိုက်ဆံကိုမပေးလျှင် ကလေးအမှတ်တွေ နည်းလိမ့်မယ်"*
*ပါဝင်သူ အမျိုးသမီး - ဇူလိုင် ၃၁ ရက်*

*"ကျောင်းမှာ မိဘဆရာအသင်းအစည်းအဝေးတွေကို တက်တဲ့သူတွေဆိုရင် ခဏခဏပဲဖြစ်တယ်၊ အစည်းအဝေးကို အမျိုးသမီးတွေ တက်တာဆိုရင် ဆရာတွေက လွတ်လွတ်လပ်လပ် ဆွေးနွေးပြီး၊ ပိုပြီးအလွယ်တကူ လာဘ်တောင်းကြတယ်။ တကယ်လို့ အမျိုးသားတွေ သွားတာဆိုရင် ဆရာတွေ လာဘ်တောင်းတာ ပိုပြီးနည်းတယ်"*
*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၅ ရက်*

---

[7] အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (၂၀၁၃) ကမ္ဘာ့အဂတိလိုက်စားမှုအစီရင်ခံစာ - ပညာရေး (Transparency International. (2013). Global Corruption Report: Education). https://web.edu.hku.hk/f/acadstaff/376/Global%20Corruption%20Report%3A%20Education.pdf မှ ရယူပါသည်။

အထူးသဖြင့် အဂတိလိုက်စားမှုသည် ကျောင်းနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသည့်အခါတွင် အမျိုးသမီးများအပေါ် ပိုမိုသက်ရောက်မှုများ ရှိပုံပေါ်သည်။ ကျားမ အလုပ်တာဝန်ခွဲဝေမှုများကြောင့် ကလေးများ ကျောင်းဝင်ခွင့်အတွက် အမျိုးသမီးများက ပို၍တာဝန်ယူကြရသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများနှင့် ကျောင်းအာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံရသည့်အခါတွင် အဂတိလိုက်စားမှုကို ရင်ဆိုင်နိုင်ရခြေ ပိုများပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှု

ကျန်းမာရေးစောင့်ရှောက်မှုတွင် အဂတိလိုက်စားမှုသည် ကျန်းမာရေးဝန်ဆောင်မှုများအား သုံးစွဲနိုင်မှုနှင့် ၎င်းတို့၏ အရည်အသွေးတို့အပေါ် လွှမ်းမိုးမှုရှိပြီး ထိုဝန်ဆောင်မှုများကို သုံးစွဲမည့် ဝင်ငွေနည်းသူများအတွက် ဆိုးရွားသော အတားအဆီးဖြစ်နေလျှင် လူ့အသက်များနှင့် သေဆုံးမှုအပေါ် တိုက်ရိုက်လွှမ်းမိုးနိုင်သည်။[8] ဦးတည်အုပ်စုဆွေးနွေးမှုများတွင် ပါဝင်သူအများစုက ၎င်းတို့သည် သင့်တော်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် လာဘ်ပေးခဲ့သည့် အတွေ့အကြုံများရှိကြောင်း ဖော်ပြခဲ့ကြသည်။

*"ကျန်းမာရေးကဏ္ဍမှာ ပိုက်ဆံကို ကြိုပေးဖို့လိုတယ်၊ အဲလိုကြိုမပေးရင် ဆေးရုံထဲဝင်လို့မရဘူး၊ အစောင့်တွေနဲ့ သန့်ရှင်းရေးအမျိုးသမီးတွေ၊ သူနာပြုတွေကိုလည်း ပေးရတယ်၊ ဒါမှ အစားအစာရနိုင်တယ်။ ဆေးရုံမှာ များများပေးလေ ဝန်ဆောင်မှုပိုကောင်းလေပဲ။ တကယ်လို့ ပိုက်ဆံမပေးရင် ဝန်ဆောင်မှုတွေ ညံ့တယ်၊ ဆရာဝန်တွေနဲ့ သူနာပြုတွေကလည်း ဂရုမစိုက်ကြဘူး၊ ကျွန်မတို့ကလေးတွေကိုလည်း ဆိုးဆိုးရွားရွား ဆက်ဆံကြတယ်"*

*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၅ ရက်*

ကျားမ အပေါ်လိုက်၍ ပြုမူဆက်ဆံပုံသည် ကျန်းမာရေးကဏ္ဍနှင့် ထိတွေ့ဆက်ဆံရသူတိုင်းတွင် ရိုက်ခတ်မှု ရှိပါသည်။ အမျိုးသမီးများသည် ယေဘုယျအားဖြင့် ကလေးများနှင့် သက်ကြီးရွယ်အို မိသားစုဝင်များကို အဓိကစောင့်ရှောက်သူများဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများထံမှ လာဘ်တောင်းမှုကို အများဆုံးကြုံတွေ့ကြရမည်ဟု ယူဆကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုများ ရယူရန် ကြိုးပမ်းချိန်တွင် လာဘ်တောင်းခံမှု ရှိလိမ့်မည်ဟု မျှော်လင့်ထားခြင်းသည် စိတ်ဖိစီးမှုဖြစ်စေသည့် အရာတစ်ခုအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့်

[8] Hussmann, K. (၂၀၁၁). ကျန်းမာရေးကဏ္ဍတွင် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းခြင်း (Addressing Corruption in the Health Sector). https://www.cmi.no/publications/file/3934-addressing-corruption-in-the-health-sector.pdf မှ ရယူပါသည်။

အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် မမျှတသည့် ဝန်ထုတ်ဝန်ပိုးဖြစ်စေသကဲ့သို့ ဆရာဝန် (သို့) ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံသို့ ၎င်းတို့၏ မိသားစုဝင်များကို ခေါ်ဆောင်သွားရန် အတားအဆီး ဖြစ်စေသည်။ စိတ်ဖိစီးမှုသည် ဘဏ္ဍာရေးဆိုင်ရာ အကန့်အသတ်များ၏ ရလဒ်တစ်ခုအဖြစ်၊ အထူးသဖြင့် လာဘ်ငွေပမာဏကို သေချာမသိရှိမှုမှစ၍ လာဘ်ပေးရန်တောင်းခံရချိန် စိတ်သက်တောင့်သက်သာမရှိသည့် အခြေအနေများအဖြစ် ရှုမြင်နိုင်ပါသည်။

မဖြစ်မနေလိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ (ဥပမာ - ဆေးစစ်မှုများနှင့် ကာကွယ်ဆေးထိုးမှုများ) တွင် အဂတိလိုက်စားမှုသည် အဟန့်အတားတစ်ခုဖြစ်နိုင်ပြီး၊ ပြည်သူ့ကျန်းမာရေးအား ထင်ရှားသော သက် ရောက်မှုဖြစ်စေနိုင်ပါသည်။ ဆရာဝန်များနှင့် ကျန်းမာရေးလုပ်သားများအပေါ် သံသယရှိမှုများအား ဦးတည်အုပ်စုဆွေးနွေးချက်များ၌ ကြားရခြင်းသည် ကျန်းမာရေးဝန်ဆောင်မှုပေးသူများ၏ ဖြောင့်မတ်တည်ကြည်မှုအပေါ် ယုံကြည်မှုကျဆင်းစေသဖြင့် အထူးသတိပြုရမည့် ကိစ္စရပ်တစ်ခုလည်းဖြစ်သည်။ ထို့ပြင် ၎င်းတို့ ရယူသုံးစွဲနေသော ဝန်ဆောင်မှုများ၏ အရည်အသွေး၊ ရောဂါစစ်ဆေးမှုအချို့၏ တိကျမှုတို့နှင့်ပတ်သက်၍ လူနာများ၏ ထင်မြင်ချက်အပေါ် ရိုက်ခတ်မှုရှိစေနိုင်သည်။

***"ကုန်ဈေးနှုန်းတွေ မတူတာနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု မရှိပါ။ ကလေးတွေအတွက် ဆေးသွားစစ်တဲ့အခါ ဆေးဝါးဈေးနှုန်းတွေ အရမ်းမြင့်နေတာ တွေ့ရတယ် - ဒါကြောင့် ဆေးရုံတွေကို ယုံကြည်မှု မရှိဘူး"***

***ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၅***





ကလေးမီးဖွားနေစဉ်အတွင်း မိခင်နှင့်မွေးကင်းစကလေးငယ်နှစ်ဦးစလုံးအပေါ် ဆေးကုသသည့် ဝန်ဆောင်မှုများပေးရာတွင် အဂတိလိုက်စားရန် ညှိနှိုင်းမှုများရှိခဲ့သည်ဟု ပါဝင်ဆွေးနွေးသူ အမျိုးသမီးများက ပြောကြားခဲ့ကြသည်။ ဥပမာ - သန့်ရှင်း၍ သင့်တော်သည့် အခြေအနေတွင် ကလေးမွေးဖွားရန် တစ်ခါတစ်ရံတွင် လာဘ်ပေးရန် (ထိုသို့မပြုလုပ်ရန် များစွာတားဆီးထားသော်လည်း) လိုအပ်သည်။ လာဘ်ပေးမှုများနှင့် ကလေးမွေးဖွားသည့်

အတွေ့အကြုံအသေးစိတ်များကို ဆက်စပ်ကြည့်နိုင်သကဲ့သို့ မီးဖွားခန်းအတွင်း မိသားစုဝင်ရောက်ခွင့်ပေးခြင်းကဲ့သို့ "မဖြစ်မနေ မဟုတ်သော" ဝန်ဆောင်မှုများအတွက် လာဘ်ပေးရခြင်းသည် အတော်အတန်ဖြစ်လေ့ဖြစ်ထရှိသည်ဟု သတင်းပို့မှုများရှိသည်။

*"ဝန်ထမ်းက ကျွန်မတို့ဆီက ကလေးမီးဖွားဖို့ ပိုက်ဆံ ၁ သောင်းတောင်းတယ်။ ပိုက်ဆံမပေးလည်းရတယ်လို့ သူတို့က ပြောတယ်၊ ဒါပေမယ့် မွေးခန်းထဲကို ဝန်ထမ်းကလွဲပြီး ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးဘူးတဲ့၊ တကယ်လို့ အဲမှာ ဘယ်သူမှ မရှိရင် မိခင်နဲ့ကလေးကို ဘယ်သူစောင့်ရှောက်မှာလဲ"*

*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၈ ရက်*

**ပုံ ၅။ ထိခိုက်လွယ်မှု အမျိုးမျိုး၏ ဆုံချက်များ**




ထို့ပြင် ကျန်းမာရေးဝန်ဆောင်မှုများ သုံးစွဲနိုင်မှုတွင် ဘုံ ပါဝင်မှု (Intersectionality) အား စဉ်းစားရန် အလွန်အရေးကြီးပါသည်။ အဂတိလိုက်စားမှုသည် အမျိုးသမီးများအပေါ် ပြင်းထန်စွာ ရိုက်ခတ်မှုရှိပြီး အထူးသဖြင့် ဝင်ငွေနည်းပါးသော အမျိုးသမီးများ၊ လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ထိခိုက်နစ်နာနိုင်ခြေ ပိုများပါသည်။ အမျိုးသမီးများသည် လာဘ်မပေးနိုင်ပါက ကျန်းမာရေးကုသမှုပေးရန် ငြင်းဆိုခြင်းခံကြရသည် (သို့) အမျိုးသမီးများသည် မူလဝန်ဆောင်ခကျသင့်ငွေ (လာဘ်မပေးခင် ကျသင့်ငွေ) ကို အကုန်အကျခံနိုင်သည်ဆိုလျှင်ပင် စံချိန်မမီသည့် ကျန်းမာရေးစောင့်ရှောက်မှုကိုသာ ရရှိကြပါသည်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အဂတိလိုက်စားမှုအား သတင်းပေးတိုင်ကြားနိုင်သည့်စနစ် အနည်းငယ်သာတွေ့ရှိကြောင်း၊ ထို့ကြောင့် မဖြစ်မနေလာဘ်ပေးရသည် (သို့) ဝန်ဆောင်မှုပေးရန် ငြင်းဆန်မှုအား လက်ခံရသည်ဟု ခံစားမိကြောင်း ဦးတည်အုပ်စုဆွေးနွေးပွဲများတွင် ပါဝင်သူများက ဆွေးနွေးခဲ့ကြသည်။ မကျေနပ်မှုများကို မည်သို့တိုင်ကြားရမည် မသိသောကြောင့် (သို့) တိုင်ကြားသည့် စနစ်၏ အကျိုးရှိမှုအပေါ် သံသယဝင်ကြောင်း ပါဝင်ဆွေးနွေးသူ အနည်းငယ်က ပြောကြားခဲ့သည်။

## ကျား၊မ ပုံစံသွတ်သွင်းမှုများ အဆက်မပြတ်ပြုလုပ်နေမှုနှင့် အဂတိလိုက်စားမှု

မူလကပင် တည်ရှိနေသော ကျား၊မ ပုံစံ သွတ်သွင်းမှု၏ ရလဒ်အနေဖြင့် အမျိုးသမီးများအား မကြာခဏ လာဘ်ပေးရန် တောင်းခံမှု ပို၍တွေ့ကြုံရစေသည်ဟု ဦးတည်အုပ်စု ဆွေးနွေးပွဲများက ထောက်ပြခဲ့ကြသည်။ ယေဘုယျအားဖြင့် အမျိုးသားများအား လာဘ်တောင်းခံရလျှင် ငြင်းဆို (သို့) စိန်ခေါ်လိုစိတ်နှင့် အမျိုးသားများ၏ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းတို့နှင့် နှိုင်းယှဉ်ပါက အမျိုးသမီးများတွင် လာဘ်တောင်းမှုများကို လက်ခံလိုစိတ်နှင့် နာခံစိတ်ပိုများသည်ဟု ထင်မြင်ရကြောင်း ဆွေးနွေးမှုသည်လည်း ပဓာနကျပါသည်။ ဦးတည်အုပ်စုဆွေးနွေးပွဲများတွင် ကျား၊မ

**အမျိုးသားများအား လာဘ်တောင်းခံရလျှင် ငြင်းဆို (သို့) စိန်ခေါ်လိုစိတ်နှင့် အမျိုးသားများ၏ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းတို့နှင့် နှိုင်းယှဉ်ပါက အမျိုးသမီးများတွင် လာဘ်တောင်းမှုများကို လက်ခံလိုစိတ်နှင့် နာခံစိတ် ပိုများသည်ဟု ထင်မြင်ရကြောင်း ဆွေးနွေးမှုသည်လည်း ပဓာန ကျပါသည်။**

အုပ်စုအလိုက် အကြိမ်မည်မျှ လာဘ်ပေးခဲ့ရသည်ကို တင်းတင်းကြပ်ကြပ် မဖော်ထုတ်ခဲ့သဖြင့် ကျား၊မ ပုံစံသွတ်သွင်းမှု၏ တိကျခိုင်လုံမှုကို အတည်မပြုနိုင်သော်လည်း ကျား၊မ ပုံစံသွတ်သွင်းမှု ရှိနေခြင်းသည် အမျိုးသားများထက် အမျိုးသမီးများအား မကြာခဏ လာဘ်တောင်းခံရမှု ပို၍ဖြစ်ပေါ်စေသည်။

*"အမျိုးသမီးတွေက ကြောက်တတ်လို့ ပေးကြတယ်၊ အမျိုးသားတွေကတော့ လာဘ်မပေးခင် မေးခွန်းတွေ ပိုပြီးမေးကြတယ်။"*

*ပါဝင်သူ အမျိုးသား - စက်တင်ဘာလ ၅ ရက်*

မြန်မာနိုင်ငံတွင် ကျား၊မ ပုံစံသွတ်သွင်းမှုနှင့် အဂတိလိုက်စားမှုတို့ နီးကပ်စွာအပြန်အလှန် ဆက်စပ်နေမှုကို ပါဝင်သူများက အထက်ပါအတိုင်း ထပ်တလဲလဲ အတည်ပြုပြောခဲ့ကြပါသည်။ အမျိုးသမီးများအား အားနည်းသူများအဖြစ် ယုံကြည်လက်ခံမှုကြောင့် လာဘ်ပေးသည့်အကြိမ်ရေသာမက ပိုများသည့် လာဘ်ပမာဏအား တောင်းခံရကြောင်း သတင်းပို့ခဲ့ကြသဖြင့် ကျား၊မ ပုံစံသွတ်သွင်းမှုများကြောင့် ဖြစ်နိုင်သည့် ရိုက်ခတ်မှုအတိမ်အနက်ကို မီးမောင်းထိုးပြခြင်းလည်းဖြစ်ပါသည်။

*"တကယ်လို့ လာဘ်ပေးဖို့ တောင်းခံရလျှင် အမျိုးသားရော အမျိုးသမီးရော ပေးဖို့စဉ်းစားကြမှာပဲ၊ ဒါပေမယ့် အမျိုးသမီးတွေက ကြောက်တတ်တော့ သေချာပေါက်ပေးမှာပဲ။ အမျိုးသမီးတွေကို အားနည်းတဲ့သူတွေလို့ ထင်ကြလို့ လာဘ်ပေးဖို့ ပိုတောင်းကြမှာပဲ။"*

*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၄ ရက်*

**လာဘ်ပေးသူများသည် အများအားဖြင့် အမျိုးသမီးများ ဖြစ်ကြသော်လည်း လာဘ်တောင်းသူအများစုမှာ အမျိုးသားများဖြစ်ကြကြောင်း၊ ပါဝင်ဆွေးနွေးသူများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသဘောတူခဲ့ကြပါသည်။**

ထို့ပြင် လာဘ်ပေးသူများသည် အများအားဖြင့် အမျိုးသမီး များ ဖြစ်ကြသော်လည်း လာဘ်တောင်းသူအများစုမှာ အမျိုးသားများ ဖြစ်ကြကြောင်း၊ ပါဝင်ဆွေးနွေးသူများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသဘောတူခဲ့ကြပါသည်။ ဤ ဆက်စပ်မှုသည် မြန်မာနိုင်ငံ၏ လူမှုဘဝများစွာတွင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ တန်းတူညီမျှမရှိမှုအား ဆက်လက်ဖြစ်ပေါ်စေရန် ချည်နှောင်ထားပြီး၊ ၎င်းချည်နှောင်မှုက အမျိုးသားများ အိမ်ပြင်ပတွင် ပို၍အလုပ်လုပ်စေရန်၊ သြဇာအာဏာပိုရှိစေရန်နှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု များ သုံးစွဲမှုတွင် ထိန်းချုပ်သူများ ဖြစ်လာစေရန် ဦးတည် ပေးပါသည်။

*"အမျိုးသားအများစုဟာ အလုပ်လုပ်ကြတယ်၊ သူတို့က 'အယူသမား' တွေ ပိုများတယ်၊ အမျိုးသမီးတွေကတော့ ငွေကိုင်လိုမျိုး၊ ငွေရှင်းတဲ့ကောင်တာလိုမျိုးမှာ အများအားဖြင့် အလုပ်လုပ်ကြပြီး၊ လာဘ်ပေးဖို့လိုကြတယ်။ ကိစ္စအတော်များများမှာ ကျွန်မတို့က အမျိုးသားတွေကို လာဘ်ပေးရတယ်။"*

*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၂ ရက်*

အမျိုးသမီးများထက် အမျိုးသားများကို လာဘ်တောင်းခံသူများဟု မြင်ကြစဉ်တွင် အမျိုးသမီးများလည်း (အချို့သောကဏ္ဍများ - ကျောင်းဆရာမများ) အဂတိလိုက်စားမှုတွင် ပါဝင်ကြကြောင်း ဦးတည်အုပ်စု ဆွေးနွေးမှုများက တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် အဂတိလိုက်စားမှုသည် ကျား၊မ သီးခြားအုပ်စုနှင့် ဆက်စပ်မှုမရှိသော အပြုအမူတစ်ခုဖြစ်ကြောင်း ထင်ရှားပါသည်။

ထို့ပြင် လာဘ်တောင်းသူ/လာဘ်ပေးသူအကြား ကွဲပြားမှုသည် အမြဲတမ်း ပြတ်သားမှုမရှိပေ။ အမျိုးသမီးများ သည် တစ်ခါတစ်ရံတွင် လာဘ် (သို့) လက်ဆောင်များ ဖြန့်ဝေ (သို့) ပေးသည့်လမ်းကြောင်းတွင် "ကြားခံလူ" များ အဖြစ် လုပ်ဆောင်ကြကြောင်း ဆွေးနွေးခဲ့ကြပါသည်။

*"အချို့ ကိစ္စတွေမှာ အရာရှိဆီကို တိုက်ရိုက်သွားစရာ မလိုဘူး၊ သူ့မိန်းမဆီကိုသွားပြီး၊ ကိုယ်ဘာလိုချင်တာပြောပြပြီး သူ့မိန်းမကို လာဘ်တိုက်ရိုက်ပေးခဲ့ရုံပဲ။"*

*ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၂ ရက်*

ဤဖြစ်စဉ်တွင် ၎င်းတို့သည် လာဘ်ရသည့်အတွက် အကျိုးရှိသူမဟုတ်သော်လည်း လာဘ်ပေးလာဘ်ယူမှုတွင် ပါဝင်သည်မှာ ထင်ရှားပေသည်။ ကြားခံလူအဖြစ် တာဝန်ယူသည့် အမျိုးသမီးများသည် ဝန်ဆောင်ခ ရရှိသည် (သို့) လာဘ်ပေးသည့်ညှိနှိုင်းမှုတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ကြသည် ဆိုသည်မှာ မသေချာပါ။ သို့သော် ယင်းအား ပို၍နက်နဲစွာ လေ့လာဖော်ထုတ်ရန်မှာ နောင်တွင် သုတေသနပြုလုပ်ရမည့် ကွက်လပ်တစ်ခု ဖြစ်ပြီး အဂတိလိုက် စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ချက်များ ပြင်ဆင်ရေးတွင် စိတ်ဝင်စားစရာ ဖြစ်လာနိုင်ပေသည်။

## အဂတိလိုက်စားမှုနှင့် အမျိုးသမီးများအပေါ် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်

**လာဘ်တောင်းခံမှုသည် ငွေပေးရသည့် ပုံစံသာမက လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်သည့် ပုံစံလည်း ဖြစ်နိုင်သည်။**

လာဘ်တောင်းခံမှုသည် ငွေပေးရသည့် ပုံစံသာမက လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်သည့်ပုံစံ - ဝန်ဆောင်မှုများအတွက်၊ ဝန်ဆောင်မှုပေးရာတွင် ပိုမိုမြန်ဆန်စေရန်အတွက် (သို့) အလုပ်တွင် ရာထူးတိုးပေးရန်အတွက် - အတုံ့အလှည့်အားဖြင့် လိင်ပိုင်းဆိုင်ရာ အခွင့်အရေး တောင်းခံမှု ဖြစ်နိုင်ကြောင်း ဦးတည်အုပ်စုဆွေးနွေးမှုများတွင် ပါဝင်သူများက မှတ်ချက်ချခဲ့ကြပါသည်။ ယင်းမှာ အဂတိလိုက်စားမှုနှင့် ကျားမ အခြေပြု အကြမ်းဖက်မှုတို့အကြား ဆက်နွယ်မှုအား အချက်ပေးခေါင်းလောင်း ထိုးပြနေပါသည်။ ဤသို့ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်သည့်ပုံစံနှင့် ထို့သို့ခြိမ်းခြောက်နိုင်မှုတို့တွင် ထိခိုက်နစ်နာနိုင်ခြေရှိသူများနှင့် ထိခိုက်နစ်နာသူများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် ခြိမ်းခြောက်မှု

များအပါအဝင် မကောင်းသည့် ဂယက်ရိုက်ခတ်မှုများစွာ ရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဝန်ဆောင်မှုများ ရယူရာတွင် ပထမဆုံးအတားအဆီးတစ်ခုအဖြစ် ပြုမူသောကြောင့်ဖြစ်သည်။

***"အမျိုးသမီးတွေဟာ အဂတိလိုက်စားမှုကြောင့် ပိုပြီး ထိခိုက်ခံစားကြရတယ်၊ ဥပမာဆိုရင် ဝန်ထမ်းတစ်ယောက် ရာထူးတိုးရဖို့ဆိုင်ရင် အမျိုးသမီးတွေမှာ လိင်ပိုင်းဆိုင်ရာ အခွင့်အရေးတောင်းခံတာမျိုး ဖြစ်နိုင်တယ်"***

***ပါဝင်သူ အမျိုးသမီး - စက်တင်ဘာလ ၅ ရက်***

ထိုသို့ အဂတိလိုက်စားမှုပုံစံသည် မြန်မာနိုင်ငံ၌ အမျိုးသမီးများတွင်သာ ကြုံတွေ့ရကြောင်း ဦးတည်အုပ်စု ဆွေးနွေးမှုများအတွင်း အမျိုးသမီးအုပ်စုများထံမှ ပေါ်ထွက်လာခဲ့သည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုသည် အဂတိလိုက်စားမှုပုံစံများအနက် ထုတ်ဖော်ပြောကြားမှု မရှိဆုံးဖြစ်ကြောင်း ပါဝင်သူများက ဆွေးနွေးခဲ့ကြသည်။ သို့သော် ၎င်း၏ ထိခိုက်နစ်နာမှုအခြေအနေနှင့် သတင်းပေးတိုင်ကြားမှုမရှိဆုံး အခြေအနေတို့ကြောင့် ယင်း၏ အတိမ်အနက်ကို တိတိကျကျ ဆုံးဖြတ်နိုင်ရန် - အနည်းဆုံးအနေဖြင့် - ရှေ့ဆက်၍ ပြီးပြည့်စုံသည့် သုတေသနပြုလုပ်သင့်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် LGBTIQ ကိစ္စရပ်များသည် ရှက်ဖွယ်ကိစ္စရပ်ကဲ့သို့ရှိနေသဖြင့် လိင်တူချင်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုအား သတင်းပေးမှု လျော့နည်းနိုင်သလို၊ ရှေးရိုးစွဲ ကျား၊မ တာဝန်များကြောင့် လာဘ်တောင်းခံသည့်အပြုအမူအား အမျိုးသမီးများ၏ သတင်းပေးမှု လျော့နည်းနိုင်ပါသည်။ ထိုပုံစံများဖြင့် အဂတိလိုက်စားသည့် အကြိမ်အရေအတွက်ကို ထင်ရှားစွာ မသိရသော်လည်း ထိုပုံစံများဖြင့် လိင်အမြတ်ထုတ်မှုမျိုး တည်ရှိနေနိုင်ပါသည်။ ဦးတည်အုပ်စုဆွေးနွေးမှုပုံစံသည် မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု ဖြစ်ပွားနေသည်ကို အတည်ပြုလျက် ကျယ်ပြန့်သည့် လမ်းကြောင်းများကို ဖော်ထုတ်ရန် ဆွေးနွေးနိုင်စေခဲ့ပါသည်။ သို့သော် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု အတိုင်းအတာ၊ အထူးသဖြင့် ကဲ့ရဲ့ပြစ်တင်မှု အပြင်းအထန် ဖြစ်စေသည့် ပုံစံများကို ရှင်းရှင်းလင်းလင်း နားလည်နိုင်ရန် အများနှင့်မဟုတ်သည့် သုတေသနပုံစံ (ဥပမာ- အဖွဲ့နှင့် ဆွေးနွေးပုံမဟုတ်သည့်ပုံစံ) လိုအပ်ပါသည်။

**ပုံ ၆ ။ ပထမအဆင့်နှင့် ဒုတိယအဆင့် အဂတိလိုက်စားမှု ပုံစံများ**




ငွေကြေးမပေးနိုင်သော အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှု အများဆုံး ဖြစ်နိုင်သဖြင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုသည် ဝင်ငွေနိမ့်ပါးသော သူများအတွက် ထင်ရှားသော ခြိမ်းခြောက်မှု တစ်ခု ဖြစ်ပါသည်။ ငွေတောင်း၍ မရနိုင်ကြောင်း သေချာပြီးနောက်တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် တောင်းခံနိုင်သဖြင့် ၎င်းသည် မကြာခဏပင် အဂတိလိုက်စားမှု၏ ဒုတိယပုံစံ ဖြစ်လာနိုင်သည်။ လာဘ်ပေးလာဘ်ယူမှုသည် လူတိုင်းအတွက် ဖြစ်နိုင်ခြေအများဆုံးပုံစံအဖြစ် ရှိနေသော်လည်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုသည် ထိခိုက်နစ်နာနိုင်ခြေ အများဆုံး အမျိုးသမီးများအား ဦးတည်နေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှု လျှော့ချရန် ကြိုးပမ်းရာတွင် ထိုထိခိုက်နစ်နာနိုင်ခြေ အများဆုံးအုပ်စုကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် ခြိမ်းခြောက်နေမှုအား မည်သို့ဖယ်ရှားမည်ကို အရေးတကြီး စဉ်းစားသင့်ပါသည်။

တပြိုင်နက်တည်းမှာပင် တရားစီရင်ရေးစနစ်တွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ရှိခြင်းကြောင့် ထိခိုက်နစ်နာသူများသည် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုရန် မကြိုးပမ်းဘဲနေကြသဖြင့် အဆိုပါအပြုအမူများကို သည်းခံရန်နှင့် အမျိုးသမီးများအပေါ် ကျား၊မ အခြေပြု အကြမ်းဖက်မှုအန္တရာယ် ပိုမိုကြီးမားလာရန် သွယ်ဝိုက်သောနည်းဖြင့် ဖန်တီးနေပါသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုအား အောင်မြင်စွာဖြေရှင်းဆောင်ရွက်လိုပါက ကျား၊မ အခြေပြုအကြမ်းဖက်မှုအပေါ် တရားစီရင်ရေးဆိုင်ရာတုံ့ပြန်မှုများ တိုးတက်လာရန်နှင့် တရားစီရင်ရေးစနစ်တွင် အဂတိလိုက်စားမှုကို လျှော့ချရန် အားသွန်ခွန်စိုက် ကြိုးပမ်းရပေမည်။

*"မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးမှု အရမ်းအားနည်းတယ်၊ ရန်ကုန်မှာ လမ်းလယ်မှာတောင် အစမ့်ပြုကျင့်တာတွေ ရှိတယ်။ တကယ်လို့ အပြစ်ကျူးလွန်သူတွေက ရဲကို ပိုက်ဆံပေးလျှင် သူတို့ကို*

*မစစ်ဆေးတော့ဘူး၊ ပြီးတော့ အမှုကိုလည်း ပလပ်လိုက်တယ်။ ထိခိုက်နစ်နာတဲ့သူက ဆင်းရဲသားဖြစ်နေလျှင် ကျူးလွန်တဲ့သူကို တရားမစွဲဘဲ အမှုကို ပိုပြီးမြန်မြန်ပိတ်ပစ်လိုက်တယ်"*

*ပါဝင်သူ အမျိုးသမီး - ဇူလိုင်လ ၃၀ ရက်*

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုအပြင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် ခြိမ်းခြောက်မှုသည်လည်း ဝန်ဆောင်မှုများအား သုံးစွဲနိုင်မှုကို အတားအဆီးဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ဝန်ဆောင်မှုများသုံးစွဲလျှင် လိင်ပိုင်းဆိုင်ရာ တောင်းခံမှုကြုံရမည်ဟု ယုံကြည်သူများသည် ဝန်ဆောင်မှုများကိုသုံးစွဲရန် ကြိုးပမ်းနိုင်ခြေ နည်းပါးပါသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုအား အောက်ခြေအဆင့်တွင် ဆက်လက်ဖြစ်ပေါ်နေရန် ခွင့်ပြုထားလျှင်ပင် အစိုးရဝန်ဆောင်မှုများကို သုံးစွဲရန် အတားအဆီးဖြစ်စေလျက် ဝန်ဆောင်မှုများကို ရယူရန် ကြိုးပမ်းသူများအဖို့ စိတ်ပူပန်မှုနှင့် စိတ်ဖိစီးမှုကို ဖြစ်စေနိုင်ပေသည်။ ၎င်းသည် အစိုးရ၏ ဘဏ္ဍာငွေသုံးစွဲမှုနှင့် စီမံကိန်းများဆောင်ရွက်မှု၏ အကျိုးထိရောက်မှုကို လျော့နည်းစေပြီး ဝန်ဆောင်မှုများကို လိုအပ်သည့် ထိခိုက်နစ်နာနိုင်ခြေ အများဆုံးသူများအား ဦးတည်စေပါသည်။ ထို့ကြောင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ တန်းတူညီမျှ မရှိမှုကို ပိုမိုကြီးထွားလာစေပြီး မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ တိုးတက်မှုများအား အတားအဆီး ဖြစ်စေပါသည်။

## အကြံပြုချက်များ

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးက စီစဉ်ဆောင်ရွက်သည့် ဦးတည်အုပ်စု ဆွေးနွေးမှုများမှ တွေ့ရှိချက်များအပေါ် အခြေခံ၍ အဂတိလိုက်စားမှု၏ ကျား၊မ ဆိုင်ရာ အကျိုးသက်ရောက်မှုများအပေါ် ဖြေရှင်းရမည့် အရာများ ရှင်းလင်းထင်ရှားလာသည်သာမက အဆိုပါဖြေရှင်းကြိုးပမ်းမှုများသည် ပိုမိုကျယ်ပြန့်ပြီး၊ နယ်ပယ်များ စွာပါဝင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန် လိုအပ်ပါမည်။ အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ပေးခြင်း၊ ကျား၊မ တန်းတူညီမျှမှုအတွက် ကြိုးပမ်းခြင်းနှင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုများ ရယူရာတွင် လာဘ်ပေးလာဘ်ယူ အလေ့အထဖြစ်နေမှုကို ပြောင်းလဲခြင်းတို့ အပါအဝင် ကျယ်ပြန့်သည့် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများမလုပ်ဘဲ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုနှင့် ကျား၊မ ရေးရာအကြား ဆက်နွယ်မှုကို ထိထိရောက်ရောက် ပြောင်းလဲနိုင် မည်မဟုတ်ပါ။ ဤအစီရင်ခံစာ၏ တွေ့ရှိချက်များသည် မူဝါဒများနှင့် အစီအစဉ်များစွာ အကောင်အထည်ဖော်ရာတွင် ကျား၊မ ရေးရာ - အဂတိလိုက်စားမှု ဆက်နွယ်ချက်ကို ပိုမိုထည့်သွင်း စဉ်းစားစေခြင်းဖြင့် ထိုမူဝါဒများနှင့် အစီအစဉ်များ၏ အကျိုးဖြစ်ထွန်းမှုသည်လည်း ပိုမိုများပြားလာပါလိမ့်မည်။ ထို့အပြင် ယခုအစီရင်ခံစာမှတွေ့ရှိချက်များသည် မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုနှင့် ကျား၊မ တန်းတူညီမျှမှု နှစ်ခုလုံးကို အရေးတကြီး ဖြေရှင်းရန် ဖော်ပြထားပါသည်။ အကြောင်းမှာ အဓိပ္ပါယ်ပြည့်ဝပြီး၊ ရေရှည်တည်တံ့သော တိုးတက်မှုကို မြင်တွေ့လိုပါက ပြဿနာနှစ်ခုအား သီးခြားမူဝါဒများဖြင့် ဖြေရှင်းခြင်းထက် တစ်ပြိုင်တည်း ဖြေရှင်းရန် လိုအပ်သောကြောင့်ဖြစ်သည်။

**အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ပေးခြင်း၊ ကျား၊မ တန်းတူညီမျှမှုအတွက် ကြိုးပမ်းခြင်းနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ရယူရာတွင် လာဘ်ပေးလာဘ်ယူအလေ့အထဖြစ်နေမှုကို ပြောင်းလဲခြင်းတို့ အပါအဝင် ကျယ်ပြန့်သည့် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများမလုပ်ဘဲ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုနှင့် ကျား၊မ ရေးရာ အကြား ဆက်နွယ်မှုကို ထိထိရောက်ရောက် ပြောင်းလဲနိုင်မည် မဟုတ်ပါ။**

အသေးစိတ်အနေဖြင့် - မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုနှင့် ကျား၊မ ရေးရာတို့အကြား ဆက်စပ်မှုများကို ပိုမိုပြည့်စုံစွာသိမြင်နိုင်ရန် သုတေသန ထပ်မံပြုလုပ်ရန်လိုအပ်ပါသည်။ ပြီးစီးခဲ့သော ဦးတည်အုပ်စုဆွေးနွေးမှုများကိုအခြေခံ၍ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှု၏ ကျား၊မ ဆိုင်ရာ အကျိုးသက်ရောက်မှုများကို တိုက်ရိုက် ဖြေရှင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်အချို့ရှိပါသည်။

ကာလတို လုပ်ငန်းစဉ်များမှာ -

- ပြည်သူ့ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ (ဥပမာ -ဆရာဝန်များ၊ ရဲများ၊ ကျောင်းဆရာများ၊ နိုင်ငံ့ဝန်ထမ်းများ စသဖြင့်) အတွက် အဂတိလိုက်စားမှု၏ ကျား၊မ ရေးရာ အကျိုးသက်ရောက်မှုများ အကြောင်း အသိအမြင်မြှင့်တင်ရန် သင်တန်းများစီစဉ်ဖွင့်လှစ်ပေးခြင်းနှင့် အထောက်အကူပြု ပစ္စည်းများ ဖြန့်ဝေခြင်း၊
- ထိခိုက်နစ်နာနိုင်ခြေအများဆုံး လူထုအား ဦးတည်ထားပြီး၊ အများပြည်သူဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများသုံးစွဲရာတွင် ၎င်းတို့၏ရပိုင်ခွင့်များကို သိမြင်လာစေရန် ကျား၊မ တန်းတူညီမျှမှုနှင့် အဂတိလိုက်စားမှုဆန့်ကျင်ရေးအတွက် အထူးပြင်ဆင်ထားသော ကမ်ပိန်းများ ဆက်လက် ဆောင်ရွက်ခြင်း နှင့်
- အမျိုးသမီးများသာ သီးခြားခံစားရသည့် အဂတိလိုက်စားမှုပုံစံများကို ဖော်ထုတ်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်ဆောင်ရွက်ရန် ကျား၊မ ရေးရာ ထည့်သွင်းစဉ်းစားသည့် မူဝါဒများ ဖော်ထုတ်ရေး တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ခြင်း တို့ဖြစ်ကြပါသည်။

ကာလလတ် လုပ်ငန်းစဉ်များမှာ -

- အဂတိလိုက်စားမှု စစ်တမ်းများနှင့် သုတေသနအားလုံးတွင် ကျား၊မ အမျိုးအစားအလိုက် သီးခြားဖော်ပြသည့် စာရင်းဇယားများ ကောက်ယူနိုင်ရန် နည်းပညာထောက်ပံ့ကူညီခြင်းနှင့် အသိပညာပေးခြင်း၊
- အဂတိလိုက်စားနိုင်ခြေစစ်တမ်းများ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍများတွင် ကျား၊မ ရေးရာရှုထောင့်ဖြင့် ထည့်သွင်းဆောင်ရွက်နိုင်ရန် နည်းပညာ ထောက်ပံ့ကူညီခြင်း၊
- ကျား၊မ ရေးရာ - အဂတိလိုက်စားမှု ဆက်စပ်မှုအား လုပ်ဆောင်နေကြသည့် မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများကို ဖော်ထုတ်ပြီး ၎င်းတို့၏အလုပ်များ တိုးမြှင့်လုပ်ဆောင်နိုင်ရန်နှင့် ကူညီပံ့ပိုးနိုင်ရန် နည်းဗျူဟာများ ဖော်ထုတ်ခြင်း၊

- ထုတ်ဖော်ပြောကြားသူများအတွက် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုရှိစေပြီး ကျား၊မ ရေးရာကို ထည့်သွင်းစဉ်းစားထားည့် အဂတိလိုက်စားမှုအား တိုင်ကြားသည့် နည်းလမ်းများ ထူထောင်ရေးအတွက် ပံ့ပိုး ကူညီခြင်း နှင့်အဂတိလိုက်စားမှုကြောင့် LGBTIQ အသိုင်းအဝိုင်းအပေါ် ရိုက်ခတ်မှုများ၊ အာဏာရှိသူများ၏ အမျိုးသမီး များ အပေါ် လာဘ်တောင်းခံသည့် အပြုအမူ၊ သီးခြားအနေဖြင့် လိင်ပိုင်းဆိုင်ရာ အမြတ် ထုတ်မှုနှင့် ဆက်စပ်၍ သုတေသနများ ထပ်မံပြုလုပ်ခြင်း တို့ဖြစ်ကြပါသည်။

ကာလရှည် လုပ်ငန်းစဉ်များမှာ -

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းနေသော အခြား အဖွဲ့အစည်းများ၏ နည်းဗျူဟာမူဘောင်တွင် ကျား၊မ ရေးရာကို ထည့်သွင်း ပြင်ဆင်ခြင်းနှင့်
- အဂတိလိုက်စားမှု၏ ကျား၊မ အလိုက် ရိုက်ခတ်မှုများကို ပိုမိုကာကွယ်ရေးနှင့် တုံ့ပြန်ရေးအတွက် ဥပဒေ မူဘောင်များကို ပြင်ဆင်ခြင်း တို့ဖြစ်ကြပါသည်။

အချုပ်အားဖြင့် ဤအကြံပြုချက်များသည် အဂတိလိုက်စားမှု၏ ကျား၊မ ဖြစ်တည်မှုအလိုက် သက်ရောက်မှုကို လျော့ပါးသက်သာစေမည့် နည်းဗျူဟာရေးဆွဲရေးအတွက် ပထမဆုံးကြိုးပမ်းမှုတစ်ရပ်ဖြစ်ပါသည်။ လုပ်ငန်း ဆောင်ရွက်ရန် ပိုမိုကျယ်ပြန့်သော မူဘောင်ရေးဆွဲရာတွင် ထပ်မံတွေ့ရှိသည့် ဆက်စပ်မှုအား ပေါင်းစပ်ခြင်းသည် မူလဦးတည်ချက် ဖြစ်သင့်ပါသည်။ အထက်တွင်ဖော်ပြထားသော လုပ်ငန်းများအပြင် ကျား၊မ ရေးရာ - အဂတိ လိုက်စားမှု ဆက်စပ်မှုအား သုတေသန ဆက်လက်ပြုလုပ်ခြင်းကို အဓိကဦးစားပေးအဖြစ် ခံယူသင့်ပါသည်။ ပို၍ အသေးစိတ်ကျပြီး လုပ်ငန်းဆောင်ရွက်နိုင်သော အကြံပြုချက်များ ပြုစုခြင်းဖြင့် အရင်းအမြစ် ရွှေ့ပြောင်းသုံးစွဲမှု သည် ပို၍လက်တွေ့ကျလာပါလိမ့်မည်။ အဓိကတာဝန်ရှိသူများနှင့် ဆက်သွယ်ပြောဆိုခြင်းဖြင့် အဂတိလိုက်စားမှု နှင့် ကျား၊မ ရေးရာတို့အကြား အပြန်အလှန်ဆက်နွယ်မှုသည် ပို၍ထင်ရှားလာပါလိမ့်မည်။ ရှေ့လုပ်ငန်းစဉ် အနေ ဖြင့် အဂတိလိုက်စားမှုအကြောင်း ဆွေးနွေးမှုများတွင် ကျား၊မ ရေးရာသည် အဓိကအစိတ်အပိုင်းဖြစ်ရပါမည်။ အ ချိန်ကာလတစ်ခု ကြာမြင့်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော အဂတိ လိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်မှုများနှင့် မူဝါဒများတွင် ကျား၊မ ရေးရာကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

# နိဂုံး

ဦးတည်အုပ်စုဆွေးနွေးမှုများ၏ တွေ့ရှိချက်များ၌ အမျိုးသမီးနှင့် အမျိုးသားအုပ်စုများတွင် ယေဘုယျအားဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အဂတိလိုက်စားမှုကြောင့် ပိုမိုဆိုးရွားစွာ ရိုက်ခတ်ခံရကြောင်း ဆွေးနွေးခဲ့ကြသည့်အတိုင်း အဂတိလိုက်စားမှုနှင့် ကျား၊မ ရေးရာတို့အကြား ခိုင်မာသော အပြန်အလှန်ဆက်စပ်မှုအား ပြသခဲ့ပြီးဖြစ်ပါသည်။ အသေးစိတ်အားဖြင့် ဤကနဦးဆန်းစစ်ချက်မှ အဂတိလိုက်စားမှုနှင့် ကျား၊မ ရေးရာတို့ အကြား ထင်ရှားသော ဆက်စပ်မှု (၃) ခု ထွက်ပေါ်လာခဲ့ပါသည် -

- မြန်မာ့ယဉ်ကျေးမှုတွင် 'ကျား' တာဝန်၊ 'မ' တာဝန် ဟူ၍ အလုပ်တာဝန်ခွဲဝေခြင်းကြောင့် အမျိုးသမီးများသည် အဂတိလိုက်စားမှုကို ပို၍ မကြာခဏကြုံတွေ့ရနိုင်သည်။ အမျိုးသမီးများအား စောင့်ရှောက်မှုပေးသူများအဖြစ် တာဝန်သတ်မှတ်မှုများကြောင့် ရလဒ်အနေဖြင့် ၎င်းတို့မကြာခဏ ဆက်စပ်ပတ်သက်နေရသည့် အဂတိလိုက်စားမှု ဖြစ်လေ့ရှိသော ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍနှစ်ခုတွင် လာဘ်ပေးရန် မကြာခဏ ဖိအားပေးခံရစေပြီး အကျိုးဆက်ကိုလည်း ပို၍ခံစားရစေပါသည်။
- အဂတိလိုက်စားမှုနှင့် ကျား၊မ ပုံစံသွတ်သွင်းမှုများသည် အပြန်အလှန်အားပြု၍ ဆက်လက် တည်တံ့နေစေသည်။ အမျိုးသမီးများအား "အားနည်းသူများ" နှင့် "ခံရသူများ" ဟု တွေးထင်ခြင်းဖြင့် အမျိုးသမီးများအား ပို၍လာဘ်တောင်းခံရခြင်း (သို့) အမျိုးသားများနှင့် နှိုင်းယှဉ်ပါက ပိုများသော ပမာဏပေးရန် တောင်းခံရခြင်း ဖြစ်စေနိုင်ပါသည်။
- အဂတိလိုက်စားမှုသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုပုံစံဖြင့် (အထူးသဖြင့် ငွေကြေးဖြင့် လာဘ်ပေးရန် မတတ်နိုင်သူများအတွက်) တည်ရှိနေနိုင်သည်။ ထိုအဂတိလိုက်စားမှုပုံစံသည် မြန်မာနိုင်ငံရှိ လူတိုင်းအပေါ် ရိုက်ခတ်စေနိုင်သော်လည်း အမျိုးသမီးများအပေါ် အများဆုံး ဦးတည်နေပါသည်။

နောက်ထက်သတိပြုရမည့်အချက်မှာ ဦးတည်အုပ်စု ဆွေးနွေးမှုများအတွင်း ထိပ်သီးအဆင့် နိုင်ငံရေးဆိုင်ရာ အဖြစ်အပျက် များနှင့် ဩဇာအာဏာအကြား ဆက်နွယ်မှုများကို ပါဝင်သူများက အလေးထားဆွေးနွေးမှု မပြုခဲ့

ကြပေ။ ထို့ကြောင့် ဦးတည်အုပ်စုဆွေးနွေးမှု၏ လူဦးရေ ဆိုင်ရာနှင့် အခြားအချက်များကြောင့် ဆွေးနွေးမှုတွင် မပါရှိသည်တို့ကို ဖော်ထုတ်ရန် သုတေသန ထပ်မံဆောင်ရွက်လျှင် အကျိုးရှိ ပါလိမ့်မည်။


Photo credit: BANITA TOUR from Pixabay

ထို့အပြင် အပြန်အလှန်ဆက်နွယ်နေသည့် သဘောသဘာဝ၏ ရလဒ်အဖြစ် ဝင်ငွေနည်းပါးသော အမျိုးသမီးများ၊ LGBTIQ အသိုင်းအဝိုင်းများ၊ လူနည်းစုတိုင်းရင်း သားများနှင့် မသန်စွမ်းအမျိုးသမီးများ စသည်တို့ပါဝင်သည့် ထိခိုက်ခံစားလွယ်သည့် အုပ်စုများအပေါ် အဂတိလိုက်စားမှု၏ သက်ရောက်မှုများ ပိုမိုရှိကြောင်း သို့မဟုတ် ပိုမိုရှိနိုင်ကြောင်း ဦးတည်အုပ်စု ဆွေးနွေးမှုများက ထင်ရှားစေခဲ့သည်။ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရန်နှင့် ကျား၊မ တန်းတူညီမျှမှုမရှိခြင်းကို ကျော်လွှားရန် ထိုအုပ်စုများအပေါ် သက်ရောက်မှုများကို ဖြေရှင်းရန် ကြိုးပမ်းသင့်ပါသည်။ အထက်ဖော်ပြပါ ရည်မှန်းချက်များ အောင်မြင်နိုင်ရန်အတွက် ဦးတည်အုပ်စုဆွေးနွေးသည့် လုပ်ငန်းစဉ်၏ ရလဒ်အနေဖြင့် ပြည့်စုံသော အကြံပြုချက်များနှင့် တိုးတက်ရန် ဆောင်ရွက်ရမည့်နယ်ပယ်များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ကာလတို အကြံပြုချက်များသည် နောက်ထပ်သုတေသနပြုလုပ်နေပါက ဖိအားအများဆုံးဖြစ်စေသည့် ကိစ္စရပ်များနှင့် အဂတိလိုက်စားမှု၏ အဆိုး ရွားဆုံးရိုက်ခတ်မှုများကို ဖြေရှင်းရန် ရည်ရွယ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤအစီရင်ခံစာသည် ကျား၊မ ရေးရာ - အဂတိလိုက်စားမှု ဆက်နွယ်မှုကို ဆက်လက်ဖော်ထုတ်ရန် ဆင့်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ၂၀၁၉ ခုနှစ် တွင် စီစဉ်ဆောင်ရွက်ခဲ့သည့် ဦးတည်အုပ်စု ဆွေးနွေးမှု (၁၅) ခုအား အခြေခံပြီး အဂတိလိုက်စားမှုနှင့် ကျား၊မ ရေးရာတို့အကြား ဆက်စပ်မှုများ၏ ကနဦး တွေ့ရှိချက်များကို ဆန်းစစ်ခြင်းဖြင့် ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှုတို့အကြား ဆက်စပ်မှုများသည် ပို၍ထင်ရှား လာခဲ့

**အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤအစီရင်ခံစာသည် ကျား၊မ ရေးရာ - အဂတိလိုက်စားမှု ဆက်နွယ်မှုကို ဆက်လက်ဖော်ထုတ်ရန် ဆင့်ခေါ်မှုတစ်ခု ဖြစ်ပါသည်။**

ပါသည်။ မြန်မာနိုင်ငံတွင် ၎င်းတို့ကြောင့် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှု များစွာရှိပြီး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအား နှောင့်နှေးစေပါသည်။ ထပ်လောင်း၍ ယင်းဦးတည်အုပ်စု ဆွေးနွေးမှုများ နှင့် ဤ အစီရင်ခံစာသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၅) - ကျား၊မ တန်းတူညီမျှရေးနှင့် ပန်းတိုင် (၁၆) - ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ခိုင်မာအားကောင်းသော အင်စတီကျူးရှင်းများ တည်ဆောက်ရေးတို့အား အောင် မြင်ရန်ကြိုးပမ်းမှုများတွင် အဂတိလိုက်စားမှုနှင့် ကျား၊မ တန်းတူမညီမျှမှုကို လျှော့ချရေး ဆောင်ရွက်မှု၏ အရေးကြီးမှုကို မီးမောင်းထိုးပြနေပါသည်။ ဤအစီရင်ခံစာသည် ကိုးကားရန် အထောက်အထားထက်ပို၍ နောင် အနာဂတ်တွင် ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှု၏ ဆက်စပ်မှုအား သုတေသန ဆက်လက်ပြုလုပ်ရန်အတွက် ကနဦးအစဖြစ်ပါသည်။ ယခုအကြောင်းအရာကို သုတေသနနှင့် ဖော်ထုတ်မှုများ ဆက်လက်ပြုလုပ်ခြင်းဖြင့် ပို၍ အကျိုးရှိသော မူဝါဒများနှင့် ဆောင်ရွက်ရမည့်အရာများကို ဖော်ထုတ်နိုင်ရုံသာမက၊ ပိုမိုကောင်းမွန်၍ ထင်ရှား သည့် နည်းလမ်းများ ပေါ်ထွက်လာပြီးလျှင် မြန်မာနိုင်ငံအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့ များအား အနာဂတ်တွင် ရလဒ်ကောင်းများ ပိုမိုရရှိရန်၊ အကျိုးကျေးဇူးပိုမိုဖြစ်ထွန်းရန်နှင့် နယ်ပယ်များစွာကို ဖြန့် ကျက်လုပ်ဆောင်ရန် အထောက်အကူပြုနိုင်ပါလိမ့်မည်။

# ကိုးကားချက်များ


AGIPP. အမျိုးသမီးများ၏ စောင့်ရှောက်မှုပေးခြင်းနှင့် အိမ်မှုကိစ္စများအပေါ် မျှော်လင့်ချက်များ (Expectations of Women's Caregiving and Household Work). https://www.agipp.org/en/issuesthataffectwomensparti/expectations-womens-caregiving-and-household-work မှ ရယူပါသည်။

Branisa, B., Ziegler, M. (၂၀၁၁). ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှုအကြား ဆက်နွယ်မှုကို ပြန်လည်စစ်ဆေးခြင်း - လူမှုရေးအသင်းအဖွဲ့များ၏ အခန်းကဏ္ဍ (Reexamining the link between gender and corruption: The role of social institutions). https://www.econstor.eu/bitstream/10419/48324/1/15_branisa.pdf မှ ရယူပါသည်။

Hussmann, K. (၂၀၁၁). ကျန်းမာရေးကဏ္ဍတွင် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းခြင်း (Addressing Corruption in the Health Sector). https://www.cmi.no/publications/file/3934-addressing-corruption-in-the-health-sector.pdf မှ ရယူပါသည်။

Rheinbay, J. နှင့် Chêne, M. (၂၀၁၆). အမျိုးသမီးများအား အဖြေ၏ အစိတ်အပိုင်းအဖြစ် - အဂတိလိုက်စားမှုကို ကျား၊မ ရေးရာမှ ချဉ်းကပ်နည်း (Women as Part of the Solution: A Gendered Approach to Anti-corruption). https://knowledgehub.transparency.org/guide/guide-3/4438 မှ ရယူပါသည်။

SIDA. (၂၀၁၅). ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှု (Gender and Corruption). https://www.sida.se/contentassets/165672c0e2884 5f79c8a803382e32270/ gender-and-corruption.pdf မှ ရယူပါသည်။

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (၂၀၁၃) ကမ္ဘာ့အဂတိလိုက်စားမှုအစီရင်ခံစာ - ပညာရေး (Transparency International. (2013). Global Corruption Report: Education). https://web.edu.hku.hk/f/acadstaff/376/Global%20Corruption%20Report%3A%20Education.pdf မှ ရယူပါသည်။

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (၂၀၁၄) ကျား၊မ ၊ ညီမျှမှုနှင့် အဂတိလိုက်စားမှု - ဆွယ်နွယ်နေသည့် အရာများ (Transparency International (2014). Gender, equality and corruption: What are the linkages?)
http://corruptionresearchnetwork.org/acrn-news/articles/gender-equality-and-corruption-what-are-the-linkages မှ ရယူပါသည်။

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (၂၀၁၉) ဇင်ဘာဘွေနိုင်ငံ ကျား၊မ ရေးရာနှင့် အဂတိလိုက်စားမှု (Transparency International. (2019). Gender and Corruption in Zimbabwe).
http://kubatana.net/2020/02/06/gender-corruption-in-zimbabwe-2019/ မှ ရယူ ပါသည်။

UNDP နှင့် UNIFEM. (၂၀၁၅). အဂတိလိုက်စားမှု၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် ကျား၊မ ရေးရာ- ချိတ်ဆက်မှုကို သဘောပေါက်နားလည်ခြင်း (Corruption, Accountability and Gender: Understanding the Connection)
https://www.undp.org/content/undp/en/home/librarypage/womens-empowerment/corruption-accountability-and-gender-understanding-the-connection.html မှ ရ.ယူပါသည်။

UNDP. (2018). "အမျိုးသမီးများနှင့် အမျိုးသားများ၏ အဂတိလိုက်စားမှုအမြင်များ" လေ့လာမှု (The study “Corruption in the Eyes of Women and Men”.)
https://www.ua.undp.org/content/ukraine/en/home/library/democratic_governance/corruption_in_the_eyes_of_ women_and_men.html  မှ ရ.ယူပါသည်။

UNDP. (2019). UNDP ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအစီရင်ခံစာ - မြန်မာ ၂၀၁၉ (Human Development Report 2019 – Myanmar).
http://hdr.undp.org/sites/all/themes/hdr_theme/countrynotes/MMR.pdf မှ ရယူပါသည်။